ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလကွယ်၊ တနင်္လာနေ့ (2-5-2011) (၆၇၄၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် မေ ၂

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဂျကာတာမြို့၌ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရရှိအောင် လုပ်ဆောင်

လက်ရှိတင်ပို့နေသော အခြေခံကုန်စည်များသာမက ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများထူထောင်

၂၀၁၅ ခုနှစ်တွင် အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးဇုန် ဖြစ်လာတော့မည်ဖြစ်၍

ပြိုင်ဆိုင်မှုများ ပြင်းထန်လာနိုင်သည့်အတွက် မိမိလုပ်ငန်းများ အခြေခံခိုင်မာရေး ကြိုးပမ်းထား

ပြည်တွင်းပြည်ပ ကုန်စည်ရောင်းဝယ်ရာတွင် “ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု” မထိခိုက်အောင် ညှိနှိုင်းလုပ်ဆောင်

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ
The Mirror
၂-၅-၂၀၁၁
(တနင်္လာနေ့)

ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့သို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် **"နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများက မိမိတို့ကျရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာမည်ဖြစ်ပါသည်"**ဟူ၍ ဖော်ပြထားသည်။

မျက်မှောက်အချိန်အခါ၌ နိုင်ငံတော်တွင် အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမအကြိမ် လွှတ်တော်အသီးသီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီ။ ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကို ခိုင်ခိုင်မာမာဖွဲ့စည်းထားပြီ။ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်အကောင်အထည်ဖော်နေပြီ။

တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် နိုင်ငံတော်၏ အဓိကလူတန်းစားများဖြစ်သည်။ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ရောက်ရှိအောင် ကြိုးပမ်းတည်ဆောက်သွားကြမည်ဖြစ်သည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အချိုးအစားများစွာ ပါဝင်လျက်ရှိသည်။ ကြီးမားကျယ်ပြန့်လှသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် အခြေခံကောင်းများကို တည်ဆောက်ထားပြီ။ တစ်ချိန်တည်းတွင် ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရေး လိုအပ်ချက်များဖြစ်သည့် သဘာဝအရင်းအမြစ်များကို အခြေပြု၍ အရင်းအနှီးများကို စုစည်းနေပြီ။ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတစ်ဝန်း၌ ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ထားပြီ။ နိုင်ငံတော်အပိုင်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကိုထူထောင်နေပြီ။ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် တိုင်းရင်းသား ပုဂ္ဂလိကအပိုင်းတို့ကလည်း တိုးချဲ့လုပ်ကိုင်နေကြပြီ။အလုပ်သမားကြီးများကိုယ်တိုင် ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ ကိုင်တွယ်သုံးစွဲနေကြပြီ။ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့်အတူ အလုပ်သမားများ၏ ခံစားခွင့်များ ပိုမိုရရှိလာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာရေး အကျိုးရလဒ်များ ရရှိခံစားနိုင်စေရန် ကြိုးပမ်းအားထုတ်သွားကြရပါမည်။

ယနေ့အချိန်အခါကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် စိုက်ပျိုးရေးကဏ္ဍဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးနှင့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုနှောင့်ယှက်မှုများ တွန်းလှန်ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများနှင့် တောင်သူလယ်သမားကြီးများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ လိပ်ပြာကန် သနပ်ပင်လမ်းနေ ကျောင်းအုပ်ဆရာကြီး ဦးဘရင်နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရည်စူး၍ သားသမီးမြေးတစ်စုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြုပြင်ဆောင်ရွက်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မြတ်ရတနာမင်္ဂလာကန်တော်ကြီး ပြုပြင်ဆောင်ရွက်စဉ်။

(၃၈၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကြည့်ရှုစစ်ဆေး

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ကြံခင်းဘီလပ်မြေစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် မေ ၁

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိ၊ရပ်ဖများနှင့် တွေ့ဆုံ၍ ဓနုဖြူမြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံပြီး ဇလွန်မြို့ ပြည်တော်ပြန်ဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဟင်္သာတမြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ကျင်းပသည့် မမြဲချောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အလယ်စုကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ထူးကြီးဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ထူးကြီးတိုက်နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ငွေကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်း၍ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ဘုရားကွင်းကျေးရွာနှင့် ရေလဲကျေးရွာသို့ ဆက်သွယ်သော ကညင်ချောင်း စတီးကြိုးတံတားတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ထို့မှတစ်ဆင့် မဲဇလီကုန်းတိုက်နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍လူပျိုတော်ကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားနှင့် လူပျိုတော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် အသင်း(ရန်ကုန်) ဆိုင်းဘုတ်တင်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဘုရားကြီးကျောင်းတိုက်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ မွန်းလွဲပိုင်းတွင် မြန်အောင်မြို့ နှောကုန်းရုပ်ရှင်တော်မြတ်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ထို့နောက် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိ၊ရပ်ဖများနှင့်တွေ့ဆုံပြီး ကြံခင်းဘီလပ်မြေစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့နယ် ကွင်းကောက်စိုက်ပျိုးရေးစခန်းနှင့် တလိုင်းကုန်းဧက ၆၀၀ စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လေးမျက်နှာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (CDMA-450 MHz) ရေဒီယိုစခန်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ငသိုင်းချောင်းမြို့နယ်ခွဲရှိ ဗောဓိတာကြံ့ခိုင်မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာမင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိ၊ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၁၁ (တနင်္လာနေ့)
[၁၃၇၃ ခုနှစ်၊ တန်ခူးလကွယ်နေ့၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂါဇယမင်္ဂလာ (ယဉ်ဝေယံထွန်း-တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၅	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၂၀	၉။	အဆိုပြိုင်ပွဲ
၈း၂၅	၁၀။	"စက်မှုတပ်ဆင်လုပ်ငန်းတွင်"
၈း၃၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၂။	International News
၈း၄၅	၁၃။	တေးဂီတအစီအစဉ်
၉း၀၀	၁၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	အကပဒေသာ
၄း၁၅	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၂၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၄း၄၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	တေးဂီတအစီအစဉ်
၅း၀၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၈။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၇)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	"ကမ္ဘာကျော်သရုပ်ဆောင်များ"
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ" (အပိုင်း-၂၄)**
	၁၈။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၉။	အစီအစဉ်ပြီး၏။

❖ ကျောဖုံးမှ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းများတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် အနာဂတ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း လျင်မြန်ထိရောက်စွာ လုပ်ဆောင်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှာ အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်သဖြင့် "အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနတစ်ခုတည်ထောင်ရန်"ဆိုသည့် အဆိုပြုချက်ကို အပြည့်အဝ ထောက်ခံပါကြောင်း။

ပညာရေး

မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အခြေပြုလုပ်ငန်းစဉ်ပါ မဟာဗျူဟာ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၁၉၈၁ ခုနှစ်မှ စတင်၍ အဝေးသင်တက္ကသိုလ် ပညာရေးစနစ်ကို ဖော်ဆောင်ပြီး အထက်တန်းပညာသင်ကြားအောင်မြင်ပြီးသူများအားလုံး အဆင့်မြင့်ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားဘာသာသင် တက္ကသိုလ်များကိုလည်း ဖွင့်လှစ်ထားရှိပြီး အာဆီယံနိုင်ငံများမှ ဘာသာများအပြင် အခြားနိုင်ငံခြားဘာသာများ သင်ယူနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံဆိုင်ရာ လေ့လာမှုဘာသာတွဲကိုလည်း တက္ကသိုလ်များတွင် ဘွဲ့ကြိုကျောင်းသားများအား သင်ကြားနိုင်ရန် စီစဉ်ထားပါကြောင်း။

ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ အရေးပေါ်ကျန်းမာရေးအခြေအနေများ စီမံခန့်ခွဲမှုနှင့် ကူးစက်ရောဂါ တားဆီးကာကွယ်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ထောင်စုနှစ်ရည်မှန်းချက်ပါ မွေးဖွားစကလေး သေဆုံးမှုလျှော့ချရေး၊ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး၊ HIV၊ AIDS နှင့် ငှက်ဖျားရောဂါအပါအဝင် အခြားကူးစက်ရောဂါများ တိုက်ဖျက်ရေးနှင့် HIV၊ AIDS ပြန့်ပွားမှုနှုန်း လျှော့ချရေး လုပ်ငန်းများကို ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေး၌ HIV၊ AIDS ဆိုင်ရာ အာဆီယံကြေညာစာတမ်း (၁၀)နှစ်ပြည့် အခမ်းအနားကျင်းပရန် အဆိုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း။

မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ရေးဆိုင်ရာ အစီအစဉ်များကို မြန်မာနိုင်ငံက ထောက်ခံအားပေးပါကြောင်း၊ မြန်မာနိုင်ငံတွင် မသန်စွမ်းသူပေါင်း ၁ ဒသမ ၃ သန်းခန့်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနက ၎င်းတို့၏ ပညာရေး၊ လူမှုရေးနှင့် အားကစားဆိုင်ရာ လှုပ်ရှားမှုများကို မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၂)ကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

အိမ်နီးချင်းကောင်း

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံကောင်းအဖြစ်လည်းကောင်း ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး ယနေ့ မြန်မာနိုင်ငံတွင် စတင်နေသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှ ပေါ်ထွန်းလာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီထွန်းကားသည့် မြန်မာနိုင်ငံသည် အာဆီယံလူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်း၌သာမက တစ်ခုတည်းသော အသိုက်အဝန်းအဖြစ် တည်ဆောက်နေသည့် အာဆီယံအဖွဲ့ကြီးအတွင်း၌ပါ ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအစည်းအဝေးတွင် အာဆီယံဆိုင်ရာ သွေးလွန်တုပ်ကွေးနေ့အဖြစ် ဇွန်လ ၁၅ ရက်နေ့ကို သတ်မှတ်ရေး၊ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အထောက်အကူဖြစ်စေမည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ မျှဝေရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်နိုင်ရေး၊ အာဆီယံနိုင်ငံများက အကောင်အထည်ဖော်မည့် အာဆီယံဒေသအတွင်း ထောင်စုနှစ်ရည်မှန်းချက် အခြေပြုမြေပုံဆိုင်ရာ သဘောထားမှတ်ချက်များပေးရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစီရင်ခံစာနှင့် အာဆီယံဆိုင်ရာ အားကစားဝန်ကြီးများအဆင့် ဖွဲ့စည်းသတ်မှတ်၍ အစည်းအဝေးတစ်ရပ် ထူထောင်ရေး ကိစ္စရပ်များအပေါ် အစည်းအဝေးက အတည်ပြုနိုင်ခဲ့သည်။

ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တက်ရောက်ဆွေးနွေး

ပြန် ကြား ရေး ဝန် ကြီး ဌာ န နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပဉ္စမ အကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းအား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော်　မေ　၁

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဖွဲ့သည် ဧပြီ ၃၀ ရက် ညနေ ၃ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း လက်မှတ်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန်　မေ　၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအမှတ်စဉ်(၃) (ရန်ကုန်)နှင့် အမှတ်စဉ်(၂) (မန္တလေး)တို့၌ အောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား ဒီပလိုမာလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်စန်းရီက ရန်ကုန်သင်တန်းသား၊ သင်တန်းသူ ၅၈ ဦးနှင့် မန္တလေး သင်တန်းသား၊ သင်တန်းသူ ၃၄ ဦး စုစုပေါင်း ၉၂ ဦးတို့အား ဒီပလိုမာလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

(၁-၅-၂၀၁၁)

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၆၀၀	၀. ၀၃၃၄၈၉၆
တရုတ် (ယွမ်)	၆. ၄၉၁၀၀	၀. ၁၅၄၀၅၉
အိန္ဒိယ (ရူပီး)	၄၄. ၂၄၀၀	၀. ၀၂၂၆၀၄၀
မလေးရှား (ရင်းဂစ်)	၂. ၉၆၃၅၀	၀. ၃၃၇၄၃၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၄၄၀	၀. ၈၁၆၇၂၇
ဂျပန် (ယန်း)	၈၁. ၁၁၀၀	၀. ၀၁၂၃၂၈၉
တောင်ကိုရီးယား(ဝမ်)	၁၀၆၉. ၂၅	၀. ၀၀၀၉၃၅၂၃၅
ယူရို	၀. ၆၇၅၂၆၅	၁. ၄၈၀၉၀
ဗြိတိသျှ (ပေါင်)	၀. ၅၉၈၇၃၁	၁. ၆၇၀၂၀

အင်တာနက်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "စိတ်ညစ်ကင်းရန်သတိပဋ္ဌာန်" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၉)**
- ၈း၄၅ မြတ်နိဗ္ဗာန်သို့တက်လှမ်းနိုင်ရန် ရည်မျှော်ဒုတိယအကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲတော်
- ၉း၀၀ မှတ်မှတ်ရရ. . . မြစ်ငယ် အထက
- ၉း၂၀ ညွတ်နူးအယူရှိခိုးမူ တုကျွန်းဇမ္ဗူအောင်လံထူ
- ၉း၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
- ၁၀း၂၀ ရေစကြိုဆရာတော်၏ ဝိဇာတမင်္ဂလာနှင့်စာအောင်သံဃာများပူဇော်ပွဲမင်္ဂလာ
- ၁၀း၃၅ စာအုပ်ပြခန်း (ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင်အခြားကင်ဆာရောဂါ ဆောင်းပါးများစာအုပ်ရေးသားသူ ဒေါက်တာစိုးလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း) (အပိုင်း-၁)
- ၁၁း၀၅ Celebrity Choice (ဥက္ကာဦးသာ၊ ရှင်ဖုန်း)
- ၁၁း၃၅ တန်ဖိုးရှိသော နွေကျောင်းပိတ်ရက်များ
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာမိသားစု၏ အလှူမင်္ဂလာ
- ၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ပုစွန်ချဉ်စပ်ကော်ရည်နှင့် ဝက်သားနာနတ်သီးချက်)
- ၁း၀၀ "စိတ်ညစ်ကင်းရန်သတိပဋ္ဌာန်" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
- ၂း၄၅ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ
- ၃း၀၀ အိမ်ရှင်မတို့အသည်းစွဲ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ကြော်ငြာရိုက်ကွင်း အမှတ်တရ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၁)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၉)**
- ၅း၀၀ Sunday Talk [ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ]
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၂)**
- ၇း၁၀ Legendary Journey Live at Singapore (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၀)**
- ၁၀း၁၅ ဗီဒီယိုပြခန်း
- ၁၀း၃၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၁၁း၁၀ International Show Biz
- ၁၁း၂၅ ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ]
- ၁၁း၅၀ ဈေးဝယ်လမ်းညွှန် (လွှမ်းမိုးသူ Bag Collection)
- ၁၂း၁၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၁၂း၂၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၁၂း၅၅ အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
- ၁း၀၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၁း၂၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁း၄၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၂း၁၀ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ
- ၄း၂၅ ရတနာရွှေသိုက်
- ၄း၃၅ သွေးချင်းတို့မြေ ချင်းဌာနေ
- ၄း၅၀ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တာလီဘန်များ၏ နွေဦးရာသီထိုးစစ် စတင် ကလေးအသေခံဗုံးခွဲသမား တာလီဘန်များအသုံးပြုခဲ့

ကဘူး မေ ၁

တာလီဘန်အဖွဲ့က ၎င်းတို့ကြေညာထားသည့်အတိုင်း နွေဦးရာသီထိုးစစ်ကို မေ ၁ ရက်တွင် စတင်ခဲ့ရာ ဗုံးခွဲတိုက်ခိုက်မှုများနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၌ လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

တာလီဘန်အဖွဲ့က ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သောကြေညာချက်၌ ၎င်းတို့သည် ပြည်ပစစ်အခြေစိုက်စခန်းများ၊ ယာဉ်တန်းများနှင့် အာဖဂန်အစိုးရ တာဝန်ရှိသူများကို ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။တာလီဘန်များ၏ပစ်မှတ်စာရင်းတွင် အာဖဂန်ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေသော အာဖဂန်ငြိမ်းချမ်းရေးကောင်စီဝင်များလည်း ပါဝင်သည်။ပါကစ္စတန်နယ်စပ်အနီးရှိ ပတ္တိကာပြည်နယ်အရှေ့ပိုင်း ဘာမဲလ်ခရိုင်ရှိ ဈေးတစ်ခုအတွင်း အသေခံဗုံးခွဲဝတ်စုံဝတ်ဆင်ထားသော လူတစ်ဦးက အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့အရပ်သားလေးဦး သေဆုံး၍ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ဂါဇနီပြည်နယ်အနောက်တောင်ပိုင်းရှိ စစ်ဆေးစခန်းတစ်ခုတွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခင်းဖြစ်ပွားရာနေရာအနီးရှိ လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ယင်းအပြင် ဂါဇနီပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့ဌာနချုပ်အဆောက်အအုံပြင်ပ၌ စက်ဘီးတစ်စီးတွင်တပ်ဆင်ထားသော ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ စစ်သွေးကြွဟုယူဆရသူတစ်ဦးက လက်နက်ငယ်ဖြင့်ပစ်ခတ်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ အလားတူ ကန်ဒါဟာပြည်နယ်တွင် ထောက်ပံ့ရေးပစ္စည်းများ အဝေမတည့်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အချင်းချင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပတ္တိကာပြည်နယ် ဗုံးခွဲတိုက်ခိုက်မှုတွင် တာလီဘန်များသည် အသေခံဗုံးခွဲသမားများအဖြစ် အသက်(၁၂)အရွယ်ကလေးသူငယ်များကို အသုံးပြုခဲ့ကြောင်း၊ ယင်းလုပ်ရပ်သည် လူသားဆန်သော လုပ်ရပ်မဟုတ်ဘဲ အစ္စလာမ်တရားတော်နှင့်လည်း ညီညွတ်မှုမရှိကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက စွပ်စွဲပြောကြားခဲ့သည်။ **အင်တာနက်။**

အမေရိကန်နှင့် ပြည်ပတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသော တာလီဘန်စစ်သွေးကြွများ။

အီဂျစ်နိုင်ငံ ရာဖာမြို့နှင့် ဂါဇာကမ်းမြောင်ဒေသကြား နယ်စပ်ဝင်ပေါက်ကို တွေ့ရစဉ်။

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသအကြား နယ်စပ်ထွက်ပေါက် ပြန်လည်ဖွင့်လှစ်ပေးမည်

ဂါဇာစီးတီး မေ ၁

အီဂျစ်နိုင်ငံနှင့် ဂါဇာကမ်းမြောင် ဒေသအကြား နယ်စပ်ထွက်ပေါက်ကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးရန် အီဂျစ်နိုင်ငံက စီစဉ်နေခြင်းကို အစ္စရေးနိုင်ငံအနေဖြင့် စိုးရိမ်မကင်း ဖြစ်ရကြောင်း အစ္စရေးဒုတိယဝန်ကြီးချုပ်က ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

ရာဖာမြို့ နယ်စပ်ဝင်ပေါက်ကို ပြန်လည် ဖွင့်လှစ်ပေးရန် အီဂျစ်နိုင်ငံက ယခုရက်သတ္တပတ်အတွင်း ကြေညာချက်ထုတ်ပြန်ခဲ့ရာ အစ္စရေးနိုင်ငံအနေဖြင့် တအံ့တဩ ဖြစ်ခဲ့ရသည်။

ရာဖာနယ်စပ်ဝင်ပေါက် ပြန်လည်ဖွင့်လှစ်ရေးစီမံချက်သည် ဂါဇာကမ်းမြောင်ဒေသပိတ်ဆို့ရေးနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ရပ်ဆိုင်းလိုက်သည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ရာဖာနယ်စပ်ဝင်ပေါက်ကို ပြန်လည်ဖွင့်လှစ်ပေးခြင်းကြောင့် မှောင်ခိုလက်နက်ခဲယမ်းများနှင့် အကြမ်းဖက်သမားများ ဂါဇာကမ်းမြောင်ဒေသကို အတောမသတ် ဝင်ရောက်လာနိုင်ကြောင်း အစ္စရေးဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ရာဖာနယ်စပ်ဒေသကို ပြန်လည်ဖွင့်လှစ်ပေးခြင်းသည် အီဂျစ်နိုင်ငံအတွက်သာမက ဒေသတွင်း၌ပါ အရေးကြီးသော အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး ယင်းအခြေအနေကို ရင်ဆိုင်ရန် မိမိတို့အနေဖြင့် ပြင်ဆင်ထားသင့်ကြောင်း ၎င်းက ဆိုသည်။

အီဂျစ်နိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသ အကြား နယ်စပ်ဝင်ပေါက်ကို ပြန်လည်ဖွင့်ပေးရန် ဆုံးဖြတ်ချက်သည် ပါလက်စတိုင်းဒေသရှိ ပြိုင်ဘက်အုပ်စုနှစ်စုဖြစ်သော ဖာတာနှင့် ဟားမားစ်တို့အကြား ညီညွတ်ရေး သဘောတူညီချက် ရရှိခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

လာမည့်ရက်အနည်းငယ်အတွင်း ရာဖာနယ်စပ်ဝင်ပေါက်ကို ပြန်လည်ဖွင့်လှစ်ပေးရန် အီဂျစ်အစိုးရက စီစဉ်နေကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး နေဘီးလ်အယ်လ်အာရာဗီက ဧပြီ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဖာတာလှုပ်ရှားမှုအုပ်စုနှင့် ဟားမားစ် အုပ်စုတို့အကြား ညီညွတ်ရေးသဘောတူညီချက်ကို ဧပြီ ၂၈ ရက်တွင် သက်ဆိုင်ရာ ခေါင်းဆောင်များက လက်ခံခဲ့ရပြီးဖြစ်သည်။ **အင်တာနက်။**

အမျှားပြည်သူ စုဝေးရာနေရာများ၌ ဆေးလိပ်သောက်သုံးမှု တရုတ်ပိတ်ပင်

ပေကျင်း မေ ၁

စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် အခြားသော အမျှားပြည်သူနားနေရာများ၌ ဆေးလိပ်သောက်သုံးခွင့်ကို တရုတ်နိုင်ငံက ဧပြီ ၃၀ ရက်တွင် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဆေးလိပ်သောက်သုံးသူ သန်း ၃၀၀ ကျော်ရှိသော တရုတ်နိုင်ငံအနေဖြင့် ယင်းဥပဒေသည် အကျိုးမဲ့ဖြစ်ဖွယ်ရာရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံစည်းမျဉ်းဥပဒေများအရ တရုတ်နိုင်ငံသည် နိုင်ငံတော်တစ်ဝန်း ဆေးလိပ်သောက်သုံးမှုဥပဒေကို ပြဋ္ဌာန်းခဲ့သော်လည်း အကျိုးထူးဖွယ်မရှိပေ။

တရုတ်နိုင်ငံသားများအကြား၌ စီးကရက်ကို ဧည့်သည်ဆောင်သည်လာရာတွင် ဧည့်ခံပစ္စည်းတစ်ရပ်အဖြစ် သုံးစွဲမှုသည် အစဉ်အလာတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ အကြီးမားဆုံးဆေးရွက်ကြီးထုတ်လုပ်သူနှင့် စားသုံးသူနိုင်ငံဖြစ်ရာ တရုတ်အစိုးရ၏ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ရေးဥပဒေသည် တရုတ်နိုင်ငံအတွက် မဟာပြောင်းလဲမှုတစ်ရပ် ဖြစ်ဖွယ်ရှိသည်။

တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ အမျှားပြည်သူများ စုဝေးရာနေရာများ၌ ဆေးလိပ်သောက်သုံးမှုနှင့် ရောင်းချမှုတို့ကို တားမြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်သော သေပျောက်မှုနှုန်းသည် တစ်နှစ်လျှင် တစ်သန်းကျော် ရှိပြီး ၂၀၃၀ ပြည့်နှစ်၌ ဆေးလိပ်သောက်သုံးမှုနှင့် ဆက်နွယ်သော သေဆုံးမှုအရေအတွက်မှာ သုံးဆမျှမြင့်တက်လာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းသည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံအတွင်းသို့ ခိုးရာပါကားများ တင်သွင်းသော ဒုစရိုက်ဂိုဏ်းပေါ်ပေါက်

ဒေလီ မေ ၁

အိန္ဒိယနိုင်ငံတွင် ရောင်းချရန်အလို့ငှာ ဥရောပတိုက်နှင့် တောင်အာဖရိကနိုင်ငံများမှ ခိုးသွင်းလာသော ဇိမ်ခံကားအနည်းဆုံး အစီး ၄၀ ကို အကောက်ခွန်အရာရှိများက ထိန်းသိမ်းနိုင်ခဲ့ကြောင်း အိန္ဒိယအာဏာပိုင်များက မေ ၁ ရက်တွင် ပြောကြားသည်။

အိန္ဒိယအကောက်ခွန်ဌာနက သိမ်းဆည်းနိုင်ခဲ့သော ဇိမ်ခံကားများထဲတွင် လန်းဘောက်ခ်ဂီးနစ်၊ ဖားရားရစ်၊ ဟမ်းမား၊ အက်စတွန်မာတင်၊ ရိုးရွိုက်နှင့် ဘန့်တလေ ဇိမ်ခံကားများ ပါဝင်ကြောင်း အိန္ဒိယသတင်းဌာနတစ်ခုက ဖော်ပြသည်။

ဇိမ်ခံကားများခိုးသွင်းမှုကို နယူးဒေလီမြို့တွင် နေထိုင်သော ကားပြုပြင်ရေးအလုပ်ရုံပိုင်ရှင် ဆူမစ်ဝါလီယာဆိုသူက ဦးဆောင်စီစဉ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယအကောက်ခွန်ဌာနက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သော ဇိမ်ခံကားများသည် မပြောပလောက်သော အရေအတွက်မျှသာဖြစ်ပြီး အမှန်တကယ်အရေအတွက်သည် အစီး ၃၀၀ မှ ၄၀၀ အထိ ရှိနိုင်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကားခိုးသွင်းသူအဖြစ် ယူဆရသော ဝါလီယာသည် အိန္ဒိယနိုင်ငံအတွင်းသို့ မော်တော်ယာဉ်များ တင်သွင်းရန် တွန်းအားပေးခဲ့သူ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည်။

ဝါလီယာ ခိုးယူတင်သွင်းခဲ့သော မော်တော်ယာဉ်များကို ဘောလိဝုဒ်ရုပ်ရှင် လောကသားများ၊ နိုင်ငံရေးသမားများနှင့် အောင်မြင် ကျော်ကြားသော စီးပွားရေး လုပ်ငန်းရှင်များက ဘုမသိဘမသိ ဝယ်ယူသုံးစွဲခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ဖာတာ-ဟားမားစ်အစိုးရအဖွဲ့ကို အသိအမှတ်ပြုမည်ဆိုပါက အစ္စရေးနိုင်ငံတည်ရှိမှုကိုလည်း အသိအမှတ်ပြုရန်လို

ဂျေရုဆလင် မေ ၁

ဖာတာလှုပ်ရှားမှုအဖွဲ့နှင့် ဟားမားစ်အဖွဲ့တို့၏ ပူးပေါင်းအစိုးရအဖွဲ့ကို ကုလသမဂ္ဂအနေဖြင့် အသိအမှတ်ပြုခဲ့ပါက အစ္စရေးနိုင်ငံ၏ တည်ရှိမှုကိုလည်း အသိအမှတ်ပြုသင့်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်ခ်က ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

ပါလက်စတိုင်းအစိုးရအဖွဲ့အနေဖြင့် အကြမ်းဖက်ဝါဒကို စွန့်လွှတ်ပြီး အစ္စရေးနိုင်ငံနှင့် သဘောတူညီမှုရရှိပြီးသည့် အချက်အလက်များကို အသိအမှတ်ပြုသင့်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား ပြောကြားခဲ့သည်။

ဟားမားစ်နှင့် ဖာတာလှုပ်ရှားမှု ပူးပေါင်းအစိုးရအဖွဲ့သည် အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်မည်မဟုတ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က စနေနေ့တွင် ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်နိုင်မည့် အလားအလာများရှိပါက ၁၉၆၇ ခုနှစ် နယ်နိမိတ်သတ်မှတ်ချက်ကို အခြေခံသည့် ပါလက်စတိုင်းနိုင်ငံတော်သစ်အား ကုလသမဂ္ဂအနေဖြင့် အသိအမှတ်ပြုရန် နည်းလမ်းများရှာဖွေနေကြောင်း မာမွတ်အဘတ်စ်က ပြောကြားခဲ့သည်။ **အင်တာနက်။**

ဂျေရုဆလင်မြို့တော်အနီး စကိုးပတ်တောင်သို့ ၁၉၃၀ ခုနှစ်တွင် အလည်အပတ်လာရောက်သော ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီကို ဂျူးကျောင်းသား၊ ကျောင်းသူများ ကြိုဆိုစဉ်။

ရေဒီယိုအသံလွှင့်အစီအစဉ်များ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် မေ ၁

ပြည်တွင်းပြည်ပ သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်အတွက် FM ရေဒီယိုအသံလွှင့်အစီအစဉ်များအား ပြည်သူများနားသောတဆင်နိုင်ရန် နယ်စပ်ဒေသ ကျေးလက်တောရွာပါမကျန် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည် -

မန္တလေး FM ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
မန္တလေး FM Forever group Co.,Ltd.	စစ်ကိုင်း	၀၅း၀၀	၂၃း၀၀	၈၇. ၉MHz	စစ်ကိုင်းမြို့နှင့် အနီးတစ်ဝိုက် မန္တလေးမြို့၊ အမရပူရ၊ အုန်းချော၊ စဉ့်ကူး၊ လက်ပံလှ၊ညောင်ဝန်း၊ ပင်လယ်အင်း၊ မတ္တရာ၊ လုံးကောင်း၊ ပုသိမ်ကြီး၊ အနီးစခန်း၊ ပြင်ဦးလွင်၊ ပြင်စာ၊ စဉ့်ကိုင်၊ စောရဲ၊ ကျောက်ဆည်၊ ဟန်မြင်းမိုရ်၊ မြစ်သား၊ ကုမဲ၊ ရွှေတောင်၊ ဝမ်းတွင်း၊ အင်းဝ၊ တံတားဦး၊ ငါန်းဇန်း၊ မြောင်လင်းကစောပခန်းကြီး၊ ပခုက္ကူ၊ ငါန်းပြား၊ ဆီမီးခုံ၊ မြင်းခြံ၊ မြို့သာ၊ နွားဘူးအိုင်၊ နွားထိုးကြီး၊ ပြင်စည်၊ မလှိုင်၊ မိတ္ထီလာ၊ အုန်းတော၊ မြင်းမူ၊ ချောင်းဦး၊ ရွာသာကြီး၊ ဝက်လက်၊ ဆိပ်ခွန်၊ ရွှေဘို၊ မုံရွာ
	ရန်ကုန်	၀၅း၀၀	၂၃း၀၀	၈၇. ၉MHz	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ မှော်ဘီ၊လှည်းကူး၊ထောက်ကြန့်၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကော့မှူး၊ တိုက်ကြီး၊ လက်ခုပ်ကုန်း၊
	တောင်ငူ	၀၅း၀၀	၂၃း၀၀	၈၇. ၉MHz	တောင်ငူမြို့နှင့် အနီးတစ်ဝိုက် ရန်ကုန်၊ နေပြည်တော်၊ အမြန်လမ်းမကြီး၊ ရေတာရှည်၊ ဇရပ်ကြီး၊ တရင်ကျောင်း၊ ကျွန်းကုန်း၊ အုတ်တွင်း၊ ထန်းတပင်၊ ကျွဲပွဲ
	ပျဉ်းမနား	၀၅း၀၀	၂၃း၀၀	၈၇. ၉MHz	ပျဉ်းမနားမြို့နှင့် အနီးတစ်ဝိုက် နေပြည်တော်၊ တပ်ကုန်း၊ ဇလော၊ သာဝတ္ထိ၊ ရေနီ၊ ရေဆင်း၊ လယ်ဝေး
	ပုပ္ပါး				(ဆောင်ရွက်ရန်)

ပခုက္ကူ FM ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
ပဒ္မဝတီ FM Forever group Co.,Ltd.	ပုသိမ်	၀၆း၀၀	၂၂း၀၀	၈၈. ၉MHz	ပုသိမ်မြို့နှင့် အနီးတစ်ဝိုက်၊ ရွှေမြင်တင်၊ကန်ကြီးထောင့်၊ ရှမ်းရွာ၊ သာပေါင်း၊ ငပုတော၊ မြောင်းမြ၊ ကိုးဆူ၊ ဒါးက၊ ဂုဏ်မင်း၊ အိမ်မဲ၊ ကျောင်းကုန်း၊
	စစ်တွေ	၀၆း၀၀	၂၂း၀၀	၈၈. ၉MHz	စစ်တွေမြို့နှင့်အနီးတစ်ဝိုက်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ သင်ပုန်းတန်း၊ ရသေ့တောင်၊ မန်ကျီးချောင်း၊ ပါဒလိပ်၊ ကုလားရွာ၊
	သံတွဲ	၀၆း၀၀	၂၂း၀၀	၈၈. ၉ MHz	သံတွဲမြို့နယ်
	ကျောင်းကုန်း	၀၆း၀၀	၂၂း၀၀	၁၀၀. ၆ MHz	ကျောင်းကုန်း၊ ဇလွန်၊ ရေကြည်၊ ကျုံပျော်၊ သာပေါင်း၊ ဓနုဖြူ၊ ကန်ကြီးဒေါင့်၊ အိမ်မဲ၊ ပန်းတနော်၊ ဝါးခယ်မ၊ လေးမျက်နှာ

ရွှေ FM ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
ရွှေ FM Golden Wave Co.,Ltd.	ပဲခူး	၀၅း၀၀	၂၃း၀၀	၈၉. ၉ MHz	ပဲခူးတိုင်း၊ သနပ်ပင်၊ ဝေါ၊ ကဝ
	ညောင်လေးပင် ကျောက်ကြီး			၈၉. ၅ MHz	ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်တံခါး၊
	တောင်ငူ			၈၉. ၈ MHz	တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ထန်းတပင်၊ အုတ်တွင်း
	ပြည်			၈၉. ၅ MHz	ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ရွှေတောင်၊ သဲကုန်း၊ နတ်တလင်း၊ ဇီးကုန်း
	ထားဝယ်			၈၉. ၈ MHz	ထားဝယ်၊ လောင်းလုံ၊ ရေဖြူ၊ သရက်ချောင်း
	မြိတ်			၈၉. ၈ MHz	မြိတ်၊ ကျွန်းစု
	မြဝတီ			၈၉. ၈ MHz	မြဝတီ
	ဘားအံ			၈၉. ၉ MHz	ဘားအံ
	မော်လမြိုင်			၈၉. ၈ MHz	မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ပေါင်၊ မုဒုံ
	ဘီးလင်း			၈၉. ၅ MHz	ဘီးလင်း၊ သထုံ၊ ကျိုက်ထို
	ကော့သောင်း			၈၉. ၅ MHz	ကော့သောင်းမြို့နယ်

(ဆက်လက်ဖော်ပြပါမည်။)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အစ္စရေးက ပါလက်စတိုင်းသို့ အခွန်ရငွေများ လွှဲပြောင်းပေးခြင်းကို ရပ်ဆိုင်း

ဂျေရုဆလင် မေ ၁

ပါလက်စတိုင်းအာဏာပိုင်(ပီအေ)သို့ ပါလက်စတိုင်းအခွန်နှင့် အကောက်ခွန်ရငွေများ လွှဲပြောင်းပေးအပ်ခြင်းကို အစ္စရေးနိုင်ငံက ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ အချိန်ကာလမှာ ယင်းငွေများသည် ဟားမားစ်အဖွဲ့သို့ မရောက်ရှိကြောင်း သေချာသည်အထိဖြစ်ကြောင်း အစ္စရေးဘဏ္ဍာရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောသည်။

ဖာတာအဖွဲ့နှင့် အစ္စလာမ္မစ် ဟားမားစ်လှုပ်ရှားမှုအဖွဲ့တို့အကြား ပြန်လည်ပေါင်းစည်းရေး သဘောတူညီမှုရရှိခြင်းကို အကြောင်းပြု၍ အခွန်ရငွေများ လွှဲပြောင်းပေးရန်အတွက် ပါလက်စတိုင်းအာဏာပိုင်များနှင့် ပုံမှန် တွေ့ဆုံဆွေးနွေးခြင်းကို ရွှေ့ဆိုင်းထားစေရန် ဝန်ကြီး ယူဗလ်စတိန်းနစ်က အမိန့်ထုတ်ခဲ့သည်။

ဟားမားစ်တို့နှင့်ပူးတွဲဖွဲ့စည်းမည့် အစိုးရ၏ရန်ပုံငွေသို့ ၎င်းတို့ လွှဲပေးမည့်ငွေများ မရောက်ရှိစေရပါဟု ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ဝန်ကြီးချုပ် စလမ်းဖေရွတ်တို့က ခိုင်ခိုင်မာမာပြသရမည်ဟု စတိန်းနစ်က အစ္စရေးရေဒီယိုသို့ ပြောကြားခဲ့သည်။

အစ္စရေးနေ့စဉ်သတင်းစာ ယီဒီယော့အာရိုနော့၏ဖော်ပြချက်အရ တနင်္ဂနွေနေ့ ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းသည် ပီအေသို့ အမေရိကန်ဒေါ်လာ ၈၈ဒသမ ၇သန်းတန်ဖိုးရှိ ရှာကဲလ် သန်း ၃၀၀ လွှဲပြောင်းပေးမည့်ကိစ္စကို အဆုံးသတ်ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ပါလက်စတိုင်း စီးပွားရေးဝန်ကြီး ဟတ်ဆန်အဘူလက်ဒါက အစ္စရေးဝန်ကြီး၏ ဆုံးဖြတ်ချက်ကို ပြင်းထန်စွာ ဝေဖန်လိုက်ပြီး အဆိုပါငွေများကို အစ္စရေးတို့က လွှဲပြောင်းပေးအပ်ခြင်းမပြုခဲ့လျှင် နိုင်ငံတကာသဘောတူညီချက်များကို ချိုးဖောက်ရာရောက်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

အဆိုပါ အခွန်ငွေများသည် ပါလက်စတိုင်းတို့၏ ရပိုင်ခွင့်များဖြစ်သည်ဟု ၎င်းက အေအက်ဖ်ပီသို့ ပြောကြားသည်။ **အေအက်ဖ်ပီ။**

ပါလက်စတိုင်း ဖာတာကိုယ်စားလှယ်အဖွဲ့အကြီးအကဲ အစ်ဇုန်အယ်လ်အာမက်(ညာ)နှင့် ဟားမား(စ်)ဒုတိယခေါင်းဆောင် မူဆာအဘူမာဇွတ်တို့ လက်ဆွဲနှုတ်ဆက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူ စားအုန်းဆီတင်သင်္ဘော ပြန်ပေးဆွဲခံရ

စင်ကာပူ မေ ၁

စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားပြီး သင်္ဘောသား ၂၅ ဦးလိုက်ပါလာသည့် စားအုန်းဆီတင်သင်္ဘောကို ကင်ညာနိုင်ငံ ကမ်းလွန်၌ စနေနေ့တွင် ပြန်ပေးဆွဲခံရကြောင်း သင်္ဘောကုမ္ပဏီနှင့် အာဏာပိုင်များက အတည်ပြုပြောကြားသည်။

အဆိုပါသင်္ဘောပေါ်မှ သင်္ဘောသားများမှာ တောင်ကိုရီးယားလူမျိုး လေးဦး၊ အင်ဒိုနီးရှားလူမျိုး ၁၃ ဦး၊ တရုတ်လူမျိုး ငါးဦးနှင့် မြန်မာလူမျိုး သုံးဦးတို့ဖြစ်ကြောင်း စင်ကာပူအခြေစိုက် သင်္ဘောကွပ်ကဲရေးကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ သို့သော် ၎င်းတို့၏ အမည်များကိုမူ ဖော်ပြခြင်းမပြုပေ။

စနေနေ့ ညနေ၌ ကင်ညာရေပိုင်နက် အလွန်တွင် သင်္ဘောကိုပြန်ပေးဆွဲ၍ ဆိုမာလီနိုင်ငံဆီသို့ ဦးတည်သွားနေသည်ဟု ယူဆရကြောင်း ကြေညာချက်တွင် ဖော်ပြ သည်။

သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ မက်ထရစ်တန်ချိန် ၂၈၀၀၀ တင်ဆောင်၍ ကင်ညာနိုင်ငံ မွန်ဘာဆာသို့ ခုတ်မောင်းနေစဉ် ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မီးလောင်ထားသည့် ဟိုတယ်ကို လူအများ ကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်တွင် ဟိုတယ်မီးလောင် ၁၀ ဦးသေဆုံး ၃၅ ဦးဒဏ်ရာရ

ပေကျင်း မေ ၁

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဟိုတယ်တစ်လုံးတွင် တနင်္ဂနွေနေ့က မီးလောင်ရာ ၁၀ဦးသေဆုံး၍ ၃၅ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနယ်စပ်အနီး စက်မှုမြို့တော် တွန်ဟွာမှ ဟိုတယ်တစ်လုံး၌ ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၃၀ခန့်၌ စတင်မီးလောင်ကြောင်း၊ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

သေဆုံးသူများသည် မီးခိုးငွေ့များရှူမိသဖြင့် အသက်ရှူကျပ်ကာ သေဆုံးခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာက ဖော်ပြသည်။

မီးလောင်ရခြင်း၏အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အေအက်ဖ်ပီ။

မက္ကဆီကိုတွင် ဝှက်ထားသော လက်နက်တိုက်တွေ့ရှိ

စူဒတ်ဂျာရက်(ဇ်) (မက္ကဆီကို) မေ ၁

မက္ကဆီကိုရဲတပ်ဖွဲ့က ၎င်းတို့သည် အိမ်တစ်လုံး၏မြေအောက်ခန်း၌ ဝှက်ထားသည့် လက်နက်တိုက်တစ်ခုကို စနေနေ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၊ အယ်လ်ပါဆိုနှင့်နယ်စပ်တွင်ရှိသည့် စူဒတ်ဂျာရက်(ဇ်)မြို့၌ ရှာဖွေ သိမ်းဆည်းရမိသည့် ယင်းလက်နက်များတွင် လေယာဉ်ပစ် အမြောက်သုံးလက်၊ လက်ပစ်ဗုံးများ၊ ဗုံးပစ်လောင်ချာ တစ်လက်၊ အေကေ ၄၇ရိုင်ဖယ်များ၊ စက်သေနတ်များ၊ ပြောင်းတိုသေနတ်တစ်လက်နှင့် ကျည်ကပ် ၂၆၀၀၀ တို့ ပါဝင်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောသည်။

အမည်မသိလူတစ်ဦးက ပြန်ပေးဆွဲခံရသောသူများသည် ထိုအိမ်အတွင်း၌ရှိကြောင်း သတင်းပေးသဖြင့် ရဲတပ်ဖွဲ့က ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်ပေးဆွဲခံရသူ တစ်စုံတစ်ယောက်မျှ မတွေ့ရကြောင်း ၎င်းရဲအရာရှိက ပြောသည်။

လက်နက်များနှင့်အတူ စစ်ဝတ်စုံ ၅၀ကျော်၊ ကျည်ကာအင်္ကျီများ၊ ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်များနှင့် ငွေရေတွက်စက် သုံးလုံးကိုလည်း တွေ့ရသည်ဟုဆိုသည်။

အဆိုပါလက်နက်တိုက်တွေ့မှုတွင် ဖမ်းဆီးရမိသူတစ်ဦးမျှ မရှိပေ။ ထိုလက်နက်များသည် မည်သည့်နိုင်ငံမှ ထုတ်လုပ်သော လက်နက်များဖြစ်ကြောင်းကိုလည်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မပြုပေ။ **အေပီ။**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဂီရိမုန်တိုင်းဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် အနာဂတ်တွင်သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း ဂီရိမုန်တိုင်းဒဏ်သင့်ဒေသများ၏ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအခြေအနေ၊ အနာဂတ်ကာလတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘုမေရပ်ကွက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းများ ထားသိုထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးဖြစ်ပွားပါက ကယ်ဆယ်ရေးပစ္စည်းများကို ပြည်နယ် သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ အစီအစဉ်ဖြင့် အမြန်ထောက်ပံ့နိုင်ရေး ကိစ္စများနှင့် ပြည်တွင်းကုန်တင်ကုန်ချလုပ်ငန်းများ၏ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ဆေးပေးခန်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ ပြည်နယ် မီးသတ်စခန်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုနှင့် ရေသိုလှောင်ကန်အခြေအနေ၊ ပြည်တော်သာရပ်ကွက်ရှိ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမှ ရေယာဉ်ဖြင့် ထွက်ခွာ၍ ပေါက်တောမြို့နယ် နတ်ရှင်ကျေးရွာ မူလတန်းကျောင်း၌ မုန်တိုင်းဒဏ်ခံရသော နတ်ရှင်၊ မောက်ပြား၊ ဖားဒူ၊ ကျောက်စူ၊ ကျောက်မောင်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်း အခြေအနေ၊ မျိုးစပါး စုဆောင်းထားရှိမှုအခြေအနေ၊ လာမည့် မိုးရာသီ လယ်ယာလုပ်ငန်းခွင်အတွက် ပြင်ဆင်ပြီးစီးမှုအခြေအနေနှင့် ကျေးလက်လူထုအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားကြပြီး ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြေပုံမြို့နယ် လောင်းဒရိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ရန်ကျန်ရှိနေသေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ညနေပိုင်းတွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိ မြို့ဖများ၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အနာဂတ် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန်ကိစ္စများကို ဆွေးနွေးကြပြီး ကန်သာ၊ ဝက်ခေါင်း၊ ခေါင်းဖြူ၊ ငမန်းရဲကျေးရွာအုပ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ပြည်နယ် ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဒေသခံများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၅။ မြန်မာ့ရှုခင်း
- ၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၂။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၃။ စိုက်ပျိုးသုတ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၅ ၅။ လျှပ်တစ်ပြက်
- ၄:၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
- ၄:၅၅ ၇။ ကြိုတင်တားဆီးရန်သူမီး
- ၅:၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၃၇)**
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၄)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဗို့တာဝန်အရေး(၃)ပါး
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၅)**
- ၂၄။ Mini Series

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် သီလဝါဒေသရှိ Myanmar Integrated Port Limited (MIPL) **၌ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

သီလဝါဆိပ်ကမ်းအနေဖြင့် နိုင်ငံတော်သို့ မြေငှားရမ်းခ ငွေကျပ် ၁၆၂ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆ သန်းခန့် ပေးဆောင်ပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ၁၀၅၀ ခန့်ရရှိ

ရန်ကုန် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၃ စင်းရှိပြီး ရန်ကုန်ဆိပ်ကမ်းဒေသတွင် ၁၇ စင်းနှင့် သီလဝါဆိပ်ကမ်းဒေသတွင် ခြောက်စင်းရှိသည်။ နိုင်ငံခြားမှဝင်ရောက်လာသော ရေယာဉ်ကြီးများဖြင့် ဆိပ်ကမ်း ကုန်တင်၊ ကုန်ချလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အထွေထွေကုန်ပစ္စည်းကိုင်တွယ်မှု တန်ချိန် ၁၇ သန်းကျော်ရှိပြီး ကုန်သေတ္တာ စုစုပေါင်း ၃၃၀၀၀၀ TEU ခန့်ကို ကိုင်တွယ်နိုင်ခဲ့သည်။ သင်္ဘောဆိုက်ကပ်မှုအနေဖြင့် သင်္ဘောစင်းရေ ၁၇၀၀ ကျော် ဆိုက်ကပ်၍ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေအရ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ တိုးမြှင့်ကိုင်တွယ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုးချဲ့ဆောင်ရွက်နိုင်ရန် တစ်ကွက်လျှင် အလျား မီတာ ၂၀၀၊ အနံမီတာ ၇၅၀ ရှိသော ဆိပ်ကမ်းအကွက် ၃၇ ကွက် ဖော်ထုတ်ခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် Myanmar International Terminals Thilawa (MITT) မှ ငါးကွက်၊ Myanmar Integrated Port Limited (MIPL) မှ တစ်ကွက် ရင်းနှီးမြှုပ်နှံပြီး ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ လေးကွက် သင်္ဘောဖြတ်လွန်းကျင်းအတွက် တည်ဆောက်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ဆဲ ဆိပ်ကမ်းများအနေဖြင့် Sinmadev International Pte., Ltd. မှ နှစ်ကွက်၊ စီးပွားရေးဦးပိုင်လီမိတက်မှ နှစ်ကွက်နှင့် စက်သုံးဆီတင်ချဆိပ်ခံတံတားများ တည်ဆောက်ခြင်းအတွက် တိုင်းရင်းသားပိုင် ကုမ္ပဏီ ၁၉ ခုကိုခွင့်ပြုကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သီလဝါဆိပ်ကမ်းဒေသ "မြတ်မေတ္တာမွန်"ကုမ္ပဏီပိုင် ပုဂ္ဂလိက စက်သုံးဆီတင်ချတံတားနှင့် ဆီသိုလှောင်ကန် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ခွင့်ပြုထားသော မြေနေရာများတွင် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Myanmar International Terminals Thilawa(MITT) ၌ ကြည့်ရှုစစ်ဆေးသည်။

အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသည် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်ပြီး ဆိပ်ခံတံတား အလျားမီတာ ၁၀၀၀ ရှိပြီး အနံမီတာ ၂၀၀၊ ရေစူး ကိုးမီတာ တန်ချိန် ၂၀၀၀၀ ရှိသော ရေယာဉ်ကြီးငါးစင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ ကုန်တင်ကုန်ချ ဆောင်ရွက်နိုင်သည်။ Myanmar International Terminals Thilawa (MITT) အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ရင်းနှီးမြှုပ်နှံထားပြီး ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ မြေငှားရမ်းခငွေကျပ် ၁၆၂ ဒသမ ၅သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆ သန်းခန့် ပေးဆောင်ပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ၁၀၅၀ ခန့် ရရှိသည်။

ယင်းနောက် သီလဝါဒေသရှိ Myanmar Integrated Port Limited (MIPL) သို့ရောက်ရှိပြီး ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဆိပ်ကမ်းလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍ ဖြစ်သည့်အတွက် စိတ်ရင်းစေတနာကောင်းများထားရှိ၍ လုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

MIPL အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ၁၈ ဒသမ ၂ သန်း၊ ဆိပ်ကမ်းအာဏာပိုင်သို့ အခွန်အခအနေဖြင့် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့် ပေးသွင်းပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ၁၄၀ ဖော်ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရနှင့်အတူ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၁

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် တီးတိန်မြို့နယ် မံဆွောင်းကြိုးတံတားအနီး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၁) ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးက တီးတိန်-ရိဒ်ကားလမ်း အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းအဆောက်အအုံနှင့် တီငါးချောင်းတံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရိခေါဒါရ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညပိုင်းတွင် တွန်းဇံမြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေ၊ လက်ရှိနိုင်ငံတော်အစိုးရ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရနှင့်အတူ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

ရေလွှဲဆည်၏ ရေသောက်စနစ် ဘေးဝဲ၊ ယာရှိ မြေလွတ်မြေလပ်များ၌ နှစ်တို၊ နှစ်ရှည်သီးပင်စားပင်များကို ကွက်လပ်မကျန် အကျိုးရှိစွာအသုံးပြု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မဲဇလီ ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

နေပြည်တော် မေ ၁

အိုင်းမရေလွှဲဆည်ကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အိုင်းမကျေးရွာအနီး မန်းချောင်းပေါ်၌ တည်ဆောက်ထားပြီး အလျားပေ ၅၈၀ ၊ အမြင့် ၁၀ ပေ ကွန်ကရစ်၊ ကျောက်ပန်းရန် အမျိုးအစားဖြစ်ကာ ၁၈၉၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သဖြင့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သည်။

အဆိုပါ အိုင်းမရေလွှဲဆည်ကို လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အိုင်းမရေလွှဲဆည်၏ ရေသောက်စနစ် ဘေးဝဲ၊ ယာရှိ မြေလွတ်မြေလပ်များ၌ နှစ်တို၊ နှစ်ရှည်သီးပင်စားပင်များကို ကွက်လပ်မကျန် အကျိုးရှိစွာ အသုံးပြုရေးအတွက် ဝန်ထမ်းများက စံပြစိုက်ပျိုးပြသစည်းရုံးဆောင်ရွက်သွားကြရန်၊ ဆည်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နေသော ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် မွေးမြူရေး၊စိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ပေးရန်တို့ကို မှာကြားကာ ဆည်ထိန်းသိမ်းစောင့်ရှောက်နေသော ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေကျပ်သုံးသိန်း ပေးအပ်သည်။

ထို့နောက် မဲဇလီရေလွှဲဆည်သို့ ရောက်ရှိပြီး ရေလွှဲဆည်အား ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေများကို တောင်မုန်း၊ မြောက်မုန်း တူးမြောင်းမကြီးများဖြင့် ပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မဲဇလီရေလွှဲဆည်ကို မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီရွာအနီး မုန်းချောင်းပေါ်တွင် ၁၉၀၁ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သဖြင့် ရေလွှဲဆည်၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော် ရှိပြီဖြစ်ကြောင်း၊ ယနေ့တိုင်အောင် တောင်မုန်းတူးမြောင်းမကြီးမှ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့ကိုလည်းကောင်း၊ မြောက်မုန်းတူးမြောင်းမကြီးမှ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့ကိုလည်းကောင်း စိုက်ပျိုးမြေဧရိယာ ၈၂၆၂၃ ဧကအတွက် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငဖဲမြို့နယ် ငဖဲမြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ မန်းချောင်းပေါ်တွင် တည်ဆောက်ထားသော မန်းချောင်းရေလှောင်တမံအတွင်း ရေများသိုလှောင်ထားရှိမှုနှင့် ၂၀၁၀ ခုနှစ် အောက်တိုဘာလက ဂီရိမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးခဲ့သည့် မန်းချောင်းရေလှောင်တမံ၏ ရေပိုလွှဲအောက်ပိုင်း ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ မိုးမကျမီမေလအတွင်း ပြီးစီးရေး လုပ်ငန်းများကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် စက်ယန္တရားကြီးများဖြင့် တမံ၏ အရန်ရေပိုလွှဲအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မန်းချောင်းရေလှောင်တမံသည် ငဖဲမြို့ အနောက်ဘက် သုံးမိုင်ခန့်အကွာ မန်းချောင်းပေါ်တွင် တည်ရှိပြီး တမံအလျား ပေ ၄၄၈၀၊ အမြင့် ၁၃၅ ပေရှိသော မြေသားတမံအမျိုးအစားဖြစ်၍ ရေလှောင်ပမာဏ ၁၂၀၀၀၀ ဧကပေ သိုလှောင်နိုင်ကာ မြေဧရိယာ ၄၉၅၁ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘိုတွင် မိုးရေချိန် စံချိန်ချိုး

ရွှေဘို မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ဧပြီ ၂၇ ရက်က မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးရေချိန်လက်မ ၂ ဒသမ ၁၃ လက်မရရှိခဲ့ရာမှ ယနေ့ မေ ၁ ရက်တွင် မိုးရေချိန် ၃ ဒသမ ၁၅ လက်မအထိ ရွာသွန်းခဲ့သဖြင့် နှစ်ပေါင်း ၄၀ အတွင်း ထူးခြားသောရွာသွန်းမှုဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ မိုးရွာသွန်းမှုကြောင့် ယခင်ဧပြီ နှင့် မေ နွေကာလ၌ ရွှေဘိုမြို့နယ်တွင် ပူပြင်းခြောက်သွေ့ပြီး စိုက်ရေး၊ ပျိုးရေးလုပ်ကိုင်နိုင်ခြင်းမရှိသည့် အခြေအနေမှ ယခုအခါ မိုးရေကိုစိုက်ပျိုးရေးအတွက် လုံလောက်စွာ အသုံးချနိုင်သဖြင့် တောင်သူများ ပျော်ရွှင်စွာလုပ်ငန်းခွင်ဝင်လျက်ရှိကြောင်း သိရသည်။ (၅၂၇)

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဒသမအကြိမ်မြောက် ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကို ဧပြီ ၈ ရက်က သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (ကြေးမုံ)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် အောင်သပြေလမ်း စမ်းချောင်းမြို့နယ်နေ ဦးရွှေမြင့်သန်း(ခရိုင်ဥပဒေအရာရှိ အငြိမ်းစား)၊ ဒေါ်ခင်မေမြင့်၊ သားကြီး ကိုကျော်စွာ (ခ)ကိုကျော်ကျော်၊ သမီး မဆုသဇင် မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အောက်ဘိုတဲကျေးရွာနေ ဦးမောင်နိုင် အသက်(၃၈)နှစ်သည် ယနေ့တွင် မျှစ်ချိုးသွားစဉ် ရွာ၏ အနောက်ဘက် နှစ်မိုင်ခန့် အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပြီး ဘယ်ခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကော့ကရိတ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

ကိုရီးယားမင်းသမီး ကိုဟွန်ဂျွန်း၏ ဘဝတစ်စိတ်တစ်ပိုင်းနှင့်တွေ့ဆုံမေးမြန်းခန်း

တောင်ကိုရီးယားမင်းသမီး ကိုဟွန်ဂျွန်းကို ၁၉၇၁ ခုနှစ် မတ်လ ၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဟွာဆန်မြို့တွင် မွေးဖွားခဲ့ပြီး ဒွန်ဂေါ့တက္ကသိုလ်မှ Performing Arts ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ကိုရီးယား အလှမယ် ရွေးချယ်ပြိုင်ပွဲတွင် ကိုရီးယားအလှမယ် ဒုတိယဆုရရှိခဲ့သည်။

၁၉၉၀ ခုနှစ်၊ ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၅ ခုနှစ်များတွင် သူ၏ အနုပညာလှုပ်ရှားမှုများ တဖြည်းဖြည်း များပြားလာပြီး အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကိုလည်း နှစ်ကြိမ်ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်များတွင် မွန်ဟွာရုပ်သံလိုင်း (အမ်ဘီစီ)၏ ဒရာမာဇာတ်ကားများတွင် အကောင်းဆုံး သရုပ်ဆောင်ဆု နှစ်ခုရရှိခဲ့သည်။ ယခု လောလာဆယ် မင်းသားကွန်ဆန်ဝူးနှင့်တွဲဖက်၍ ရုပ်သံဇာတ်လမ်းတစ်ခု ရိုက်ကူးလျက်ရှိပြီး ယင်းရုပ်သံဇာတ်လမ်းတွင် ကိုဟွန်ဂျွန်းက တောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးသမ္မတအဖြစ် သရုပ်ဆောင်ထားသည်။

ကိုဟွန်ဂျွန်းသည် ၁၉၉၅ ခုနှစ်က ဆမ်ဆောင်းကုမ္ပဏီ တည်ထောင်သူ လီမြောင်ချူလ်၏မြေး shinsegae ကုမ္ပဏီ တွဲဖက်အမှုဆောင်ချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ ချောင်ယွန်ဂျင်နှင့် လက်ထပ်ခဲ့ပြီး အိမ်ထောင်သက်ရှစ်နှစ်အတွင်း သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ကွာရှင်းခဲ့ကြသည်။

အသက်(၄၀) ပြည့်သည့်တိုင်အောင် ဆယ်ကျော်သက် မိန်းမပျိုတစ်ဦးအလား ထင်မှတ်ရလောက်အောင် လှပနေဆဲ ကိုဟွန်ဂျွန်းသည် ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က သူမရေးသားထားသည့် အသားအရေထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့် စာအုပ်ကို စာနယ်ဇင်းမီဒီယာများသို့ မိတ်ဆက်ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ယင်းစာအုပ်တွင် သူမ၏ အသားအရေထိန်းသိမ်းမှု လျှို့ဝှက်ချက်၊ သူမ၏ နေ့စဉ်ဘဝ မှတ်တမ်းနှင့် ဓာတ်ပုံများလည်း ပါဝင်သည်။

ယင်း သတင်းစာရှင်းလင်းပွဲတွင် ကိုဟွန်ဂျွန်းကို သတင်းထောက် ဂျွန်အန်အိုင်လ်ဘိုက မေးမြန်းရာတွင်-

မေး ။ ။ ခင်ဗျားရဲ့ ခင်ပွန်းဟောင်း ချောင်ယွန်ဂျင် နောက်ထပ်အိမ်ထောင်ပြုတော့မယ်လို့ ကြားရပါတယ်။ ခင်ဗျားအနေနဲ့ ဘယ်လိုခံစားရပါသလဲ။

ဖြေ ။ ။ အခြားအမျိုးသမီးတွေလိုတော့ ကျွန်မဘာမှ ထူးထူးခြားခြားမခံစားရပါဘူး။ အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ သူ့ရဲ့ နောက်အိမ်ထောင်ဖက်နဲ့ ပျော်ရွှင်ပါစေလို့ပဲ ကျွန်မမျှော်လင့်ပါတယ်။ သူနဲ့ ကျွန်မရဲ့အကြောင်းကို မီဒီယာတွေက သို့လောသို့လော ဖော်ပြနေတာတွေကိုလည်း သူအခုလို အိမ်ထောင်ပြုလိုက်တော့ ကျွန်မတို့နှစ်ယောက်စလုံးအတွက် အဆင်ပြေသွားတာပေ့ါ။

မေး ။ ။ ခင်ဗျားရဲ့ ကလေးတွေကိုရော မလွမ်းဘူးလား။ သူတို့က ခင်ဗျားနဲ့ ပတ်သက်နေရဦးမှာလေ။

ဖြေ ။ ။ သူတို့လေးတွေ ကောင်းကောင်းမွန်မွန်ရှိနေမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ သားသမီးနဲ့ မိဘဆိုတာ ဘယ်လောက်ပဲ အနေဝေးဝေး အနှိုင်းမဲ့မေတ္တာတရားသံယောဇဉ်နဲ့ ထုံးဖွဲ့ထားတာဆိုတော့ ကျွန်မ သတိမရဘဲနေပါ့မလား။

မေး ။ ။ ဒီစာအုပ်လေး ထုတ်ဝေခဲ့တဲ့ ရည်ရွယ်ချက်ကရော။

ဖြေ ။ ။ ကျွန်မအနုပညာလောကထဲ စဝင်လာကတည်းက စီးပွားရေးနဲ့ ပတ်သက်တဲ့ အလှကုန်ပစ္စည်းတွေကိုပဲ ကြော်ငြာခဲ့ရတော့ လူအတော်များများက ကျွန်မမှာ အသားအရေထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး လျှို့ဝှက်ချက်တွေများ ရှိနေသလားလို့ ထင်နေကြတယ်။ ဒါနဲ့ ကျွန်မလည်း တစ်ခုခုတော့ တုံ့ပြန်မှုပဲဆိုပြီး ကြော်ငြာနဲ့မသက်ဆိုင်တဲ့ ကျွန်မရဲ့ ကိုယ်ပိုင်မှုနဲ့ ဒီစာအုပ်လေး ထုတ်ဖြစ်ခဲ့တာပါ။

မေး ။ ။ အသားအရေထိန်းသိမ်းမှုနဲ့ ပတ်သက်လို့ အရေးကြီးဆုံးအချက်က ဘယ်ဟာလဲ။

ဖြေ ။ ။ အရေးကြီးဆုံးအချက်အနေနဲ့ကတော့ ကိုယ်ရဲ့အသားအရေနဲ့ သူများအသားအရေ နှိုင်းယှဉ်ပြီး နောက်ဆုံးပေါ် အသားအရေထိန်းသိမ်းမှု အလှကုန်ပစ္စည်းတွေကို မသုံးမိဖို့ပါပဲ။ နောက်ပြီး နေ့တိုင်း မိတ်ကပ်ထူထူ မလိမ်းဖို့လည်း အရေးကြီးပါတယ်။

မေး ။ ။ ရိုက်ကွင်းမသွားရတဲ့ ရက်တွေမှာ အိမ်မှာ ဘာလုပ်လေ့ရှိသလဲ။

ဖြေ ။ ။ ရိုက်ကွင်းမသွားရတဲ့ ရက်တွေမှာဆို ရုပ်မြင်သံကြားမှာ မိတ်ကပ်ပညာရှင်တွေ၊ ဆံပင်ပညာရှင်တွေရဲ့ အကြံပေး ထုတ်လွှင့်ချက်တွေကို ကြည့်နေရမှာပေ့ါ။ ဒါပေမယ့် ကျွန်မက အိမ်မှာဆို မသပ်မရပ် စုတ်စုတ်ပြတ်ပြတ်နေတတ်တဲ့ အပျင်းထူတဲ့ မိန်းကလေးတစ်ယောက်ရှင့်။ အိမ်မှာ ကွန်ပျူတာ တစ်လုံးတောင်မရှိဘူး။ သတင်းစာ ငါးစောင် လပေးမှာယူပြီး တစ်စောင်ပြီး တစ်စောင် ဖတ်ပါတယ်။

မေး ။ ။ ဘယ်လိုအကြောင်းအရာတွေကို စိတ်ဝင်စားသလဲ။

ဖြေ ။ ။ ကျွန်မ သတင်းစာနောက်ကျောဖုံးက ထင်မြင်ချက်သဘောထားကဏ္ဍကို အမြဲဖတ်ပါတယ်။ နောက်ပြီး ကျွန်မက မိန်ရာသီဖွားဆိုတော့ မိန်ရာသီဖွားများအတွက် အထူးဟောကြားချက်တွေကိုလည်း မလွတ်တမ်းဖတ်တာပေ့ါ။ တစ်ခါတလေဆို အဲဒီဟောကြားချက်တွေကို သွားလေရာတောင် ယူသွားလိုက်သေး။

မေး ။ ။ ခင်ဗျားက ဓာတ်ပုံရိုက်တဲ့နေရာမှာလည်းအတော်ကျွမ်းကျင်ဆိုပဲ။

ဖြေ ။ ။ တကယ်တော့ ကျွန်မ ဓာတ်ပုံပညာအကြောင်း ဘာမှမသိသေးပါဘူး။ သင်ယူနေတုန်းပါပဲ။ ကျွန်မ ကလေးတွေကိုတော့ ဓာတ်ပုံရိုက်ပေးဖူးပါတယ်။ ရှုခင်းပုံတွေတော့ မရိုက်တတ်ပါဘူး။ ကျွန်မ လူတော်တော်များများကို ဓာတ်ပုံရိုက်ပေးဖူးပါတယ်။ ဒါပေမယ့် ဘယ်သူတွေကို ရိုက်ပေးဖူးလဲဆိုတာတော့ မမှတ်မိတော့ပါဘူး။

အင်တာနက်။

အောဝမ်းစိုး

စာအုပ်မိတ်ဆက်ရှင်းလင်းပွဲတွင် မြင်တွေ့ရသော ကိုဟွန်ဂျွန်း၏ အလှ။

တရုတ်နိုင်ငံ ပေကျင်းမြို့တော် ပင်ကူးခရိုင်၌ ဧပြီ ၃၀ရက် (စနေနေ့)က စတင်ကျင်းပသော နိုင်ငံတကာ ဂီတ ပွဲတော်သို့ ကမ္ဘာကျော် တေး သံ ရှင်များ ဖြစ်သည့် ဂျူ လီ ယက်လူးဝစ်၊ လစ်တဲဘု(စ်) တို့ အပါ အဝင် ကမ္ဘာကျော် တေး သံ ရှင် အ မြောက်

အမြားက တရုတ်ဂီတဝါသနာရှင်များကို ဖျော်ဖြေလျက်ရှိရာ ယင်းဂီတပွဲတော်တွင် အက်ဗရေးလာဗစ်ဂ် သီဆိုဖျော်ဖြေဟန်။ (ဓာတ်ပုံ-ဆင်ဟွာ)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြည်တွင်း ပြည်ပဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို တက်ရောက်လာကြသည့် ဗဟို အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းသားများ၊ ညီနောင်အသင်းများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းအကောင် အထည်ဖော်ကြမည်ဆိုသော တူညီသည့် ခံယူချက်များနှင့်အတူ အသင်းချုပ်ကြီး၏ ကောင်းမြတ်သော အစဉ်အလာများ ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော် သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

စီးပွားရေး ခိုင်မာစေရေးအတွက် ရှေးရှုပြီး ဖော်ဆောင်သတ်မှတ်ထားခြင်းဖြစ်ကြောင်း တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး ထည့်သွင်းပြောကြားရာ၌ မြန်မာနိုင်ငံဟာ

✳ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသော ၁၉၈၈-၈၉ ခုနှစ်ထက် ယနေ့အချိန်တွင် ကုန်သွယ်မှုတန်ဖိုးသည် အဆ ၂၀ နီးပါး သိသိသာသာ တိုးတက်။

✳ လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ ပို့ကုန်များ၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့သည့်အပြင် ပို့ကုန် အမယ်သစ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီး အထည်၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာများကိုလည်း ပိုမိုတင်ပို့လာနိုင်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် ကုန်သွယ်မှု မြင့်တင်နိုင်သည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများကို ကြည့်မည်ဆိုလျှင်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းတွင် စီးပွားရေးတိုးတက်မှု မြင့်မားသောနိုင်ငံများသည် ပို့ကုန်တိုးတက်မှုနှင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်နိုင်မှုကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသော ၁၉၈၈-၈၉ ခုနှစ်ထက် ယနေ့အချိန်တွင် ကုန်သွယ်မှုတန်ဖိုးသည် အဆ ၂၀ နီးပါး သိသိသာသာ တိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင် ခေတ်အဆက်ဆက် မြန်မာ့စီးပွားရေးသည် “ဆန်စပါး” တစ်ခုတည်းပေါ်တွင် အလွန်အမင်း မှီခိုနေရသည့်အတွက် “rice economy” ဟု ခေါ်တွင်ခဲ့ရာမှ ယနေ့ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာပို့ကုန်များ၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ တင်ပို့နိုင်ခဲ့သည့်အပြင် ပို့ကုန်အမယ်သစ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီး အထည်၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာများကိုလည်း ပိုမိုတင်ပို့လာနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရရှိအောင် လုပ်ဆောင်သွားရမည်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စက်မှုအသင်းချုပ်၏ဦးဆောင်မှုဖြင့် ဖွဲ့စည်း
ထိုက်သင့်သော အကျိုးကျေးဇူးများကို ရ
ထို့ကြောင့် တစ်နိုင်ငံလုံးတိုးချဲ့ဖွင့်လှစ်ပြီး
ထုတ်လုပ်မှု၊ စားသုံးမှု၊ အပိုအလိုစသည်တို့ကို
ဈေးနှုန်း၊ ကုန်စည်စီးဆင်းမှုများအတွက်
တည်ဆောက်နိုင်ရန်လိုအပ်ကြောင်း၊ ယခုလို
သော လယ်သမားအဆင့်အထိ ဈေးကွက်
အလက်များ၊ နည်းပညာသစ်ဖြန့်ဖြူးမှုပေးနို
ဝယ်လိုအားအရ စိုက်ပျိုးရမည့်သီးနှံအမျိုး
Centre တစ်ခုဖြစ်အောင် တိုးချဲ့ဆောင်ရွက်
တစ်ဆက်တည်းမှာပင် လယ်ယာပို့ကု
အသွေးပါ တိုးတက်စေရန် ၂၀၀၉ ခုနှစ်မှ
ပုံစံဖြင့်ဖွဲ့စည်းထားသည့် အထူးပြုကုမ္ပဏီမျာ
လိုအပ်ချက်များဖြစ်သော စိုက်ပျိုးစရိတ်ချေး
သြဇာ စသည်တို့ကို လယ်သမားများအား
တောင်သူများ၏ လိုအပ်ချက်ကို အထိုက်အ
တစ်ခုအထိ သီးနှံထုတ်လုပ်မှုလုပ်ငန်းများ တို
တွေ့ရကြောင်း။
သီးနှံအထူးပြုကုမ္ပဏီများအနေဖြင့် ယခု
ရှင်သန်အောင်ကြိုးစားပြီး အားနည်းချက်၊
အစုရှယ်ယာဝင်များ အချင်းချင်း ပွင့်ပွင့်လင်
သူလယ်သမားများ၏ အမှန်ဖြစ်ပေါ်နေသော
တို့ဖြင့် ချို့ယွင်းချက်၊ အားနည်းချက်တွေ
ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသ
ကုမ္ပဏီတစ်ခုချင်း တိုးတက်အောင်မြင်လာ
ထိန်းကျောင်းခြင်းနှင့် ပံ့ပိုးကူညီဖြည့်ဆည်းခြ
ကြောင်း။
ထို့အပြင်လည်း ဤနေရာ၌အဆင့်
ဈေးကွက်(Capital Market) ဖြစ်ပေါ်လာ
ကြရန် တိုက်တွန်းလိုကြောင်း၊ ယခုလိုဖြစ်ပေါ်
မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု
ပြည်တွင်းစီးပွားရေးအခြေအနေနှင့် နိုင်ငံတ
တိုးတက်ပြောင်းလဲမှုများကို အစဉ်တစိုက်
ပြောင်းလဲမှုများနှင့်အတူ လိုက်ပါဆောင်ရွ
ဈေးနှုန်းသတင်းနှင့် သတင်းအချက်အလက်
လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အ
အတတ်ပညာရှင်များဖိတ်ခေါ်ပြီး ဆွေးနွေးပွဲ
တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း။
အသင်းချုပ်ကြီးအနေဖြင့် ပြီးခဲ့သည့်
ကြည့်လျှင် အသင်းသားဦးရေ ၁၄၃၉ ဦး တိုး
စုစုပေါင်း အသင်းသားဦးရေ ၂၁၁၆၂ ဦ
တောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်
အောက်တွင် ညီနောင်အသင်း ၅၉ သင်းနှင့်
ရှိသည်ကိုလည်း တွေ့ရကြောင်း။
ထို့ပြင် ပြည်ပနိုင်ငံ ၂၀ မှ သံအမတ်
အဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းရှင်
သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု
လာရောက်တွေ့ဆုံဆွေးနွေးခဲ့သကဲ့သို့ ပြည်ပနို
သင်တန်းများနှင့် အစည်းအဝေးတက်ရောက်
၁၀ နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာကုန်စ
စေလွှတ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးကို ဆေ
နိုင်ငံတကာဒေသဆိုင်ရာအဖွဲ့အစည်းများနှ
သည့်အပြင် ပြည်ပနိုင်ငံ ၂၀ နှင့်လည်း M
ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အားရကျေနပ်
ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်
ယနေ့ စီးပွားရေးမျက်နှာစာကို ကြည့်
အတွက် လုပ်ငန်းရှင်များအနေဖြင့် တစ်ဦး
ethic) ထိန်းကျောင်းရန် အထူးလိုအပ်ကြော
ပုံမှန်တင်ပို့သူ(regular supplier)ဖြစ်ရန်၊ အ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မိမိတို့၏ အမျိုးသားခနအင်အား တိုးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးတို့အတွက် အပြိုင်အဆိုင် ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက် စေရန်အတွက် နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅)တွင် အတိအလင်း ဖော်ပြထားပြီးဖြစ်သကဲ့သို့ ပုဒ်မ(၃၆)တွင်လည်း နိုင်ငံတော်သည်-

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

(ဂ) အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေ အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်။

(ဃ) စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြု။

(င) တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု ဥပဒေပြဋ္ဌာန်းထားရှိခဲ့ပြီးဖြစ်ရာ နိုင်ငံတော်ရဲ့

စိုက်ပျိုးရေးနိုင်ငံဆိုပြီး ယခင်က စိုက်ပျိုးရေးကိုပဲ ဇောင်းပေးပြီး လုပ်ခဲ့ကြကြောင်း၊ အဲဒီလိုလုပ်ခဲ့တဲ့အတွက် စားရေရိက္ခာ ဖူလုံမှုရှိတဲ့အပြင် ပိုလျှံမှုလည်းရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးရေးနဲ့ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ ဖြစ်မလာနိုင်တဲ့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ အလုပ်အကိုင်တွေပေါများပြီး လူတစ်ဦးချင်း ဝင်ငွေတွေ တိုးပွားတဲ့နိုင်ငံဖြစ်အောင် စက်မှုနိုင်ငံ ထူထောင်ရမည်ဖြစ်ကြောင်း။

“ဒါကြောင့် အစိုးရအနေနဲ့ လက်ရှိတိုးတက်မှုရှိနေတဲ့ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေး စနစ် ပေါ်ပေါက်လာရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားခဲ့ပြီးဖြစ်ကြောင်း” ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို ငါးနှစ်စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိကာလသည် ပဥ္စမကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန် ရည်မှန်းထားရှိသဖြင့် ဤရည်မှန်းချက် အောင်မြင် အောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များ အသင်းချုပ် ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍက အဓိကပါဝင်ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း။

ဖြစ်သကဲ့သို့ လက်ရှိတင်ပို့နေသော အခြေခံကုန်စည်များ(primary items)သာမက ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ(export oriented industries) ထူထောင် သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုအခါ အထူးစီးပွားရေးဇုန် ဥပဒေ(Special Economic Zone Law) ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(Foreign Direct Investment)လုပ်ငန်းများနှင့် ပြည်တွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ အဟန့်အတား အခက်အခဲများကို လိုအပ်ချက်ပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် Value Added ပို့ကုန်များတိုးတက်ရေးအတွက် အထူးကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် ASEAN လွတ်လပ်သောကုန်သွယ်ရေးဇုန်ဖြစ်လာ တော့မည်ဖြစ်၍ ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာနိုင်သည့်အတွက် မိမိလုပ်ငန်းများ ရပ်တည်နိုင်အောင် ယခုကတည်းက အခြေခံခိုင်မာသောလုပ်ငန်းများဖြစ်ရေး ပိုမို ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ထားကြရန် လိုအပ်ကြောင်း။

လယ်ယာပို့ကုန်များ ရေရှည် စဉ်ဆက်မပြတ်တိုးတက်ရန်အတွက်လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်တွင်းရောင်းဝယ်မှု ပုံစံစနစ်တကျရှိရေး၊ စံချိန် စံညွှန်းများ တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်ရေး၊ ဈေးကွက်ဈေးနှုန်းနှင့် သတင်းအချက် အလက်များ ဖလှယ်ရေးတို့အတွက် ဒေသအသီးသီး၌ ကုန်စည်ဒိုင်များကို သင်းဖွဲ့ စည်းမျဉ်းစနစ်တကျရေးဆွဲပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန် ဖြစ်အောင် ဆောင်ရွက်ပေးနေသည့်အတွက် ယခုဆိုလျှင် တစ်ပြည်လုံး၌ကုန်စည်ဒိုင် ၂၉ ဒိုင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ကုန်သည်

သော ၁၉၈၈-၈၉ ခုနှစ်ထက်
အဆ ၂၀ နီးပါး သိသိသာသာ

မျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ
ရ့တင်ပို့နိုင်ခဲ့သည့်အပြင် ပို့ကုန်
ငွေ့၊ အသင့်ချုပ်ပြီး အထည်၊
ားကိုလည်း ပိုမိုတင်ပို့လာနိုင်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

စက်မှုအသင်းချုပ်၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းနိုင်ခဲ့သည့်အတွက်လည်း ပြည်သူများ ထိုက်သင့်သော အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးတိုးချဲ့ဖွင့်လှစ်ပြီး ကုန်စည်ဒိုင်များအနေဖြင့် ကုန်စည် ထုတ်လုပ်မှု၊ စားသုံးမှု၊ အပိုအလိုစသည်တို့ကို တွက်ချက်နိုင်ရမည့်အပြင် ဈေးကွက်၊ ဈေးနှုန်း၊ ကုန်စည်စီးဆင်းမှုများအတွက် Information Network ကြီးတစ်ခု တည်ဆောက်နိုင်ရန်လိုအပ်ကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် ကုန်စည်ထုတ်လုပ်သော လယ်သမားအဆင့်အထိ ဈေးကွက်ဈေးနှုန်းသတင်းနှင့် သတင်းအချက်အလက်များ၊ နည်းပညာသစ်ဖြန့်ဖြူးမှုပေးနိုင်ပြီး အချိန်လိုက်ပြောင်းလဲနေသည့် ဝယ်လိုအားအရ စိုက်ပျိုးရမည့်သီးနှံအမျိုးအစားသတင်းများကို ပေးနိုင်သော Centre တစ်ခုဖြစ်အောင် တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် လယ်ယာပို့ကုန်များ၏ အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်စေရန် ၂၀၀၉ ခုနှစ်မှစပြီး Public Private Partnership ပုံစံဖြင့်ဖွဲ့စည်းထားသည့် အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သော စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးကောင်း၊ မျိုးသန့်၊ ဓာတ်မြေဩဇာ စသည်တို့ကို လယ်သမားများအား တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်မှုကြောင့် တောင်သူများ၏ လိုအပ်ချက်ကို အထိုက်အလျောက်ပံ့ပိုးနိုင်ခဲ့သကဲ့သို့ အတိုင်းအတာတစ်ခုအထိ သီးနှံထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

သီးနှံအထူးပြုကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ အစီအမံကောင်းများ ဆက်လက်ရှင်သန်အောင်ကြိုးစားပြီး အားနည်းချက်၊ အားသာချက်များကို ကုမ္ပဏီအတွင်း အစုရှယ်ယာဝင်များ အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးသုံးသပ်ခြင်း၊ တောင်သူလယ်သမားများ၏ အမှန်ဖြစ်ပေါ်နေသော လိုအပ်ချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် ချို့ယွင်းချက်၊ အားနည်းချက်တွေကို အမြန်ဆုံး ပြင်ဆင်အားဖြည့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းချုပ်အနေဖြင့်လည်း သီးနှံအထူးပြုကုမ္ပဏီတစ်ခုချင်း တိုးတက်အောင်မြင်လာအောင် တစိုက်မတ်မတ် လေ့လာသုံးသပ်ထိန်းကျောင်းခြင်းနှင့် ပံ့ပိုးကူညီဖြည့်ဆည်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့အပြင်လည်း ဤနေရာဤအဆင့်မှာပင် မရပ်တန့်စေဘဲ အရင်းအနှီးဈေးကွက်(Capital Market) ဖြစ်ပေါ်လာရေးအတွက်ကိုပါ မျှော်မှန်းကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ ယခုလိုဖြစ်ပေါ်လာရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ပြည်တွင်းစီးပွားရေးအခြေအနေနှင့် နိုင်ငံတကာစီးပွားရေးအခြေအနေ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို အစဉ်တစိုက် လေ့လာသုံးသပ်ပြီး မိမိလုပ်ငန်းရှင်များ ပြောင်းလဲမှုများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန် သုတေသနများ၊ ဈေးကွက်ဈေးနှုန်းသတင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များဖိတ်ခေါ်ပြီး ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများ တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း။

အသင်းချုပ်ကြီးအနေဖြင့် ပြီးခဲ့သည့်တစ်နှစ်လုံး၏ လုပ်ဆောင်မှုများကို ကြည့်လျှင် အသင်းသားဦးရေ ၁၄၃၉ ဦး တိုးတက်အောင် စည်းရုံးနိုင်ခဲ့သည့်အတွက် စုစုပေါင်း အသင်းသားဦးရေ ၂၁၁၆၂ ဦးအထိ ရှိလာခဲ့ပြီးဖြစ်၍ အင်အားတောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်တည်နေသည်သာမက အသင်းချုပ်အောက်တွင် ညီနောင်အသင်း ၅၉ သင်းနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံ ၂၀ မှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းရှင်ပေါင်း ၂၁၃၉ ဦးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို လာရောက်တွေ့ဆုံဆွေးနွေးခဲ့သကဲ့သို့ ပြည်ပနိုင်ငံ ၁၅ နိုင်ငံသို့လည်း ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အစည်းအဝေးတက်ရောက်ရန် ၄၅၃ ဦး စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံ ၁၀ နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲ ၂၃ ခုကို လုပ်ငန်းရှင် ၆၂၃ ဦး စေလွှတ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်ခြင်း၊ ASEAN အပါအဝင် နိုင်ငံတကာဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည့်အပြင် ပြည်ပနိုင်ငံ ၂၀ နှင့်လည်း MoU ၇၅ စောင် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့သည့်အတွက် အားရကျေနပ်ဖွယ် တွေ့ရှိရပါကြောင်းနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယနေ့ စီးပွားရေးမျက်နှာစာကို ကြည့်မည်ဆိုလျှင် ပြိုင်ဆိုင်မှုမြင့်မားသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်းစီးပွားရေးကျင့်ဝတ် (business ethic) ထိန်းကျောင်းရန် အထူးလိုအပ်ကြောင်း၊ ပြည်ပကုန်သွယ်ရေးတွင် ရေရှည်ပုံမှန်တင်ပို့သူ(regular supplier)ဖြစ်ရန်၊ အရည်အသွေးမှန်ကန်ရန်၊ ကတိကဝတ်တည်ရန်၊ ဈေးနှုန်းမှန်ရန် လိုအပ်ကြောင်း၊ သို့မှသာ ဝယ်ယူသူနှင့် ရောင်းချသူအကြား အပြန်အလှန်ယုံကြည်မှု (mutual trust) တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်၍ အသင်းချုပ်ကြီးက ဦးဆောင်ပြီး ညီနောင်အသင်းအသီးသီးကပါ အထူးအလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုအခါ ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာသည့်အတွက် လယ်ယာထွက်ကုန်စည်များ၏ ထုတ်လုပ်မှုကို အနည်းနှင့်အများ ထိခိုက်လာသဖြင့် ပြည်တွင်းပြည်ပ ကုန်စည်ရောင်းဝယ်မှုများ လုပ်ဆောင်သည့် နေရာတွင် "ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု"(food security)ကို မထိခိုက်အောင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သွားရန်လည်း မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ပေါ်ထွန်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ တိုးတက်မှုသည် အထူးအရေးကြီးသည့်အတွက် နိုင်ငံတော်အနေဖြင့် အခြေအနေကောင်းများ၊ အခွင့်အလမ်းများ ပံ့ပိုးပေးမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အသင်းချုပ်ကြီးက ဦးဆောင်ပြီး လုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကြီးနှင့်တကွ ညီနောင်အသင်းများအနေဖြင့် မိမိတို့၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း အသင်းကြီး၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါ။
- အာဆီယံအပါအဝင် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်အတွင်း စွမ်းဆောင်ရည်မြင့်မားသော ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာ အစဉ်တစိုက် ရပ်တည်နိုင်ရေး အားထုတ်ကြိုးပမ်းသွားကြပါ။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် နိုင်ငံတော်သမ္မတကြီး၏ စီးပွားရေးမူဝါဒဆိုင်ရာ မိန့်ကြားချက်များဖြစ်သော-
    - သဟဇာတမျှတသော ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွန်းလာရေး၊
    - စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရေး၊
    - တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများအား လုပ်ကိုင်နိုင်စွမ်းရှိအောင် ဖန်တီးဖော်ဆောင်ပေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ အင်အားကောင်းစွာ ပေါ်ထွန်းလာစေရေးတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြည်တွင်း ပြည်ပဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်က အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၀၉-၂၀၁၁ ခုနှစ် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ နုတ်ထွက်ခြင်း၊ ၂၀၁၁-၂၀၁၃ ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဦးမြဟန်၊ ဦးထွန်းအောင်၊ ဒေါက်တာမောင်မောင်လေး၊ ဦးလှမောင်ရွှေတို့အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၅၀၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ၇၅ ဦးတို့၏ အမည်စာရင်းကို ကြေညာသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ ဥက္ကဋ္ဌဦးဝင်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

2-5)09.pmd 1 5/2/2011, 2:41 AM

၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်) ခင်းကျင်းပြသ

နေပြည်တော် မေ ၁

နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းများ ရှာဖွေရရှိရန်၊ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရရှိပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲရှင်သန်စေရန်နှင့် ပိုမိုတိုးမြှင့်ရန်တို့အတွက် ၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်)ကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပသည်။

အဆိုပါ ပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရှီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ပြပွဲတွင် ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ၊ မြန်မာ့ပရိဘောဂများ၊ သစ်အချောထည်များ၊ ပန်းပုရုပ်တုများ၊ ပန်းချီကားများ၊ သစ်ကပ်ပန်းချီများ၊ လက်မှုအနုပညာပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၂၂၄ ခန်း ခင်းကျင်းပြသကြကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြခန်း ၁၀၈ ခန်း၊ မြန်မာနိုင်ငံမှ ပြခန်း ၁၀၈ ခန်းနှင့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် လာအိုနိုင်ငံတို့မှ ပြခန်းရှစ်ခန်း ပြသကြကာ ပြခန်းတစ်ခန်း၏ အကျယ်အဝန်းမှာ သုံးမီတာပတ်လည် အကျယ်အဝန်းရှိကြောင်း သိရှိရသည်။

အဆိုပါပြပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ကျင်းပခဲ့သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်)ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပစဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရှီနှင့် တာဝန်ရှိသူများ ၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်) ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ဖူဆယ်လိဂ်(အမှတ်ပေး)ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ပံ့ပိုးကူညီမှုဖြင့် ဖူဆယ်လိဂ် အမှတ်ပေး ပြိုင်ပွဲကို ဇွန်လ ပထမပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် အသင်းလိုင်စင်အဖြစ် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ အသင်း၏ စည်းမျဉ်းစည်းကမ်း (Club Regulation)၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဖွဲ့စည်းပုံ၊ အသင်း၏တည်နေရာ၊ ဖုန်း၊ ဖက်စ်၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ၊ လုံလောက်သော ရန်ပုံငွေများ ထားရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အုပ်ချုပ်သူနည်းပြ ငါးဦး၊ ကစားသမား ၁၆ ဦးအထိ စာရင်းပေးသွင်းနိုင်ပြီး နိုင်ငံခြားကစားသမားနှစ်ဦး အမည်စာရင်း တင်သွင်းခွင့်ရှိကာ AFC Club Futsal Championship ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိပါက နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသည့် အသင်းများအနေဖြင့် မေ ၁၆ ရက်မှ ၂၇ ရက်အထိ ကျပ်ငွေ ငါးသိန်း ပေးသွင်း၍ ဖူဆယ်ကော်မတီ(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)တွင် စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဦးရဲထွဋ်တင် ဖုန်း-၀၉-၅၀၁၅၅၆၁ နှင့် ဦးကြည်မင်းသိန်း ၀၉-၈၀၃၀၅၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အသင်းအရေအတွက် ၁၂ သင်းထက်ပိုနေပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သည့် MFF Tiger Futsal Cup 2011 ပြိုင်ပွဲမှ အမာခံအသင်းများ၊ ဌာနဆိုင်ရာအသင်းများထဲမှ အသင်းရှစ်သင်းကို ဦးစားပေးရွေးချယ်ကာ ကျန်အသင်းများကို ခြေစစ်ပွဲကစားစေပြီး ထိပ်ဆုံးလေးသင်းကို ပြိုင်ပွဲဝင်ခွင့်ပြုသွားမည်ဖြစ်သည်။ ဆုကြေးများအဖြစ် ပထမဆုဖလား၊ ကျပ်သိန်း ၆၀ နှင့် ဆုတံဆိပ်၊ ဒုတိယဆု ကျပ်သိန်း ၃၀ နှင့် ဆုတံဆိပ်၊ တတိယဆု ကျပ်သိန်း ၂၀ နှင့် ဆုတံဆိပ်၊ စတုတ္ထဆု ကျပ် ၁၀ သိန်းတို့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ဝင်း၌ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက ကန္တာရဝတီ(ကယား)အသင်းကို ၅၃ မှတ်-၂၅ မှတ်ဖြင့်နိုင်ပြီး ဒုတိယအကြိုဗိုလ်လုပွဲတွင် ဆိပ်ဖူးတောင်(က)အသင်းက မိုးကုတ်အသင်းကို ၃၇ မှတ်-၂၅ မှတ်ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

အမျိုးသားပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် သံလွင်အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)(က)အသင်းကို ၈၈ မှတ်-၄၅ မှတ်ဖြင့်နိုင်ပြီး ဒုတိယအကြိုဗိုလ်လုပွဲတွင် VENOM အသင်းက LEGACY (T.T.C) အသင်းကို ၆၁ မှတ်- ၅၆ မှတ်ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ဗိုလ်လုပွဲများနှင့် တတိယဆုပြိုင်ပွဲများကို မေ ၂ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကျူပီအာအသင်း ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရ၊ ပရီမီယာလိဂ်တွင် ကစားရရေး ၁၅ နှစ်ကြာ စောင့်ဆိုင်းခဲ့ရ

လန်ဒန် မေ ၁

အင်္ဂလန်ချန်ပီယံရှစ်အသင်း ကျူပီအာ (Queens Park Rangers-QPR) သည် ပြိုင်ပွဲမပြီးဆုံးမီ ပွဲစဉ် (၄၅)တွင် ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူ၍ ချန်ပီယံရှစ်တွင် ဗိုလ်စွဲကာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်သို့ တက် ခွင့် ရ ၍ အောင်ပွဲခံနေသည့် ကျူပီအာ အသင်းသား များ နှင့် ပ ရိ သတ် တို့ ၏ မြင်ကွင်း။

ကျူပီအာအသင်းသည် ပရီမီယာလိဂ်သို့ ဝင်ရောက်နိုင်ရန်အတွက် ၁၅ နှစ်ကြာအောင် စောင့်ဆိုင်းခဲ့ရသည်။ ဝက်ဖို့ဒ်အသင်းနှင့်ပွဲတွင် ပွဲချိန် ၇၇ မိနစ်၌ တာရက်ပ်က အဖွင့်ဂိုးနှင့် မိနစ် ၉၀ တွင် အတော်မီစမင်က ဒုတိယဂိုးသွင်းကာ ကျူပီအာအသင်းကို နိုင်ပွဲရစေခဲ့သည်။ ကျူပီအာအသင်းသည် ပွဲစဉ် ၄၅ အပြီးတွင် ၂၄ ပွဲနိုင်၊ ၁၆ ပွဲသရေ၊ ငါးပွဲရှုံးကာ ရမှတ် ၈၈ မှတ်ရရှိခဲ့သည်။ တန်းတက်ခွင့်ရရှိခဲ့သည့် ကျူပီအာအသင်းသည် ၄၅ ပွဲတွင် ဂိုး ၇၀ သွင်းကာ ပေးဂိုးမရှိသည့်ပွဲမှာ ၂၅ ပွဲတိတိရှိခဲ့သည်။ ထိုသို့ တိုက်စစ်နှင့် ခံစစ်ပိုင်းကောင်းမွန်လှသည့် ကျူပီအာအသင်းမှာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းမှာ ထိုက်တန်သည်ဟု ဆိုရမည်ဖြစ်သည်။

ကျူပီအာအသင်းသည် နောက်ဆုံးပွဲအဖြစ် ပွဲစဉ် (၄၆)တွင် အိမ်ကွင်း၌ လိဒ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ် (၄၄) အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် နော့ဝက်ချ်အသင်းမှာလည်း ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရန် နီးစပ်နေပြီဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ပရီမီယာလိဂ်ပွဲစဉ် (၁၅)ရလဒ်များ

လီဗာပူး	၃ - ၀	**နယူးကာဆယ်**
ဘာမင်ဂမ်	၁ - ၁	**ဝုလ်ဗာဟမ်တန်**
အာဆင်နယ်	၁ - ၀	**မန်ယူ**
မန်စီးတီး	၂ - ၁	**ဝက်စ်ဟမ်း**

အင်တာနက်။

ပြည်သူ့ထံမှ ပေးစာများ

လူသွားစင်္ကြံပေါ် ပိတ်ဆို့မှု ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် (၁၅၆) လမ်းနှင့် (၁၅၇)လမ်းကြား ကျိုက္ကဆံလမ်းမကြီးတွင် ပရိဘောဂလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ လူသွားစင်္ကြံပေါ်၌ ပရိဘောဂများချပြီး အလုပ်လုပ်နေကြပါသဖြင့် လမ်းသွားလမ်းလာများ ယာဉ်သွားလမ်းပေါ်မှ ဖြတ်လျှောက်နေရပါ၍ အန္တရာယ်ရှိပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မြောက်ပိုင်း ပြည်ထောင်စုရိပ်မွန်အိမ်ရာနှင့် ပင်လုံအိမ်ရာတို့တွင် ငမိုးရိပ်ဂျိုးဖြူရေမရရှိသည်မှာ လအတန်ကြာပါပြီ။ ယခုအခါ အဝီစိတွင်းမှရေကို မောင်းလွှတ်ပေးနေသော်လည်း ထိုရေမှာ သံချေးနံ့များနံပြီး အဝါရောင် နောက်ကျိနေသော ရေများဖြစ်၍ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေကောင်းရေသန့်ရလိုသူများ

စည်းကမ်းမဲ့ ဈေးရောင်းချမှု စိစစ်ပေးစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက် သဇင်လမ်းတွင် စည်းကမ်းမဲ့ဈေးရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိသည့်ပြင် လမ်းပိတ်ဆို့နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ရပ်ကွက်အတွင်း အမှိုက်ပုံ အနံ့ဆိုးနံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် (၂) မြောက်ရပ်ကွက် အနော်မာ (၁၈) လမ်းရှိ အမှိုက်ပုံကြီးမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ ဘေးပတ်လည်တွင် လူနေအိမ်များရှိနေပါ၍ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါအမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ

ကားဘော်ဒီထုရိုက်သံ ရှင်းလင်းပြီးစီး

၁၂-၁၂-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လှိုင်မြို့နယ် (၉) ရပ်ကွက်မှ **ကားဘော်ဒီထုရိုက်သံဆူညံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

weekly monday issue
No One Can Live Without...
MobileGuidE
INFORMATION TECHNOLOGY & LIFESTYLE JOURNAL
ဖုန်းအကြောင်းသိချင်ရင် ... ဖုန်းဂျာနယ်ဖတ်ပါ ...။

၂၀၁၁ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

၁။ ၂၀၁၁ ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း

၂၀၁၁ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လကုန်အထိ ဖြစ်သည်။

၂။ ၂၀၁၁ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာ ရှိပါသည်-

(က) မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ

(ခ) မေလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ

(ဂ) ဇွန်လ ပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများ

၃။ ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

၄။ မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျား ထစ်ချုန်းမိုးသက်လေပြင်းများ ဖြစ်ပေါ်တတ်ပါသည်။ မုတ်သုံလေ ဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် ထစ်ချုန်းမိုးသက်လေပြင်းဖြစ်စဉ်များ လျော့နည်းသွားတတ်သည်။

၅။ မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ် မရှိပါ။

၂၀၁၁ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

၁။ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်း အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်တွင် (မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် နယုန်လဆန်းခန့်တွင်) မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်(မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

၂။ မိုးဦးကာလ ခန့်မှန်းချက်

မိုးဦးကာလသည် ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်ထိ ဖြစ်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

၃။ မိုးလယ်ကာလ ခန့်မှန်းချက်

မိုးလယ်ကာလသည် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးရွာသွန်းမှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

၄။ မိုးနှောင်းကာလ ခန့်မှန်းချက်

မိုးနှောင်းကာလသည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

၂၀၁၁ ခုနှစ် မိုးရာသီ မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလတွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့ နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** မွန်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၁၀ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်(တပ်ကုန်း)တွင် သုည ဒသမ ၅၅ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကန့်ဘလူမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ဟင်္သာတမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ထော်လာဂျီမြောင်းထဲကျ၍ မောင်းနှင်သူသေဆုံး

ရေတာရှည် မေ ၁

စွတ်စိုနေသည့် ခရိုင်ချင်းဆက်လမ်းတစ်လျှောက်တွင် မောင်းနှင်လာရာမှ ကုန်းဆင်းလမ်းအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေစီးမြောင်းအတွင်း ပြုတ်ကျခဲ့သည့် ထော်လာဂျီမောင်းနှင်သူ ပွဲချင်းပြီး သေဆုံးခဲ့ရသောဖြစ်ရပ်တစ်ခု ဧပြီ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေတာရှည်ရဲစခန်းပိုင် စစ်တောင်းမြစ်တစ်ဖက်ကမ်း ခရိုင်ချင်းဆက်လမ်း ပိန္နဲပင်ကျေးရွာနှင့် ရေလွှဲကျေးရွာအကြားတွင် ထော်လာဂျီယာဉ်လမ်းဘေးထိုးကျရာမှ ယာဉ်မောင်းသူသေဆုံးကြောင်း သတင်းအရ ရေတာရှည်ရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်သိန်း၊ ဒုရဲအုပ်တင်ကိုနှင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

တောင်ငူမြို့ (၁၁)ရပ်ကွက် စပယ်လမ်းနေ ကိုဝင်းနိုင် (၃၈)နှစ် မောင်းနှင်လာသည့် ထော်လာဂျီယာဉ်နှင့်အတူ ပိန္နဲပင်ကျေးရွာနေ နန်းစိုးဦး၊ ဦးမြင့်ဝေတို့နောက်ကလိုက်ပါလာခဲ့ပြီး ခရိုင်ချင်းဆက်လမ်းအတိုင်း အရက်မူး၍ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ကုန်းအဆင်းတွင် အရှိန်လွန်ကာ လမ်းဘေးကို ထိုးကျခဲ့သည်။ ယာဉ်မောင်းဝင်းနိုင်မှာ ထော်လာဂျီယာဉ်ပေါ်မှ ဘေးသို့လွင့်စဉ်ကျသွားခဲ့ပြီး ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိကာ ယင်းနေရာ၌ပင် သေဆုံးသွားသည်။

ရဲတပ်ဖွဲ့ဝင်များက မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်းတို့ဆောင်ရွက်၍ သေဆုံးသူ၏ အလောင်းကို ဆေးရုံတင်ပို့ခဲ့ပြီး အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်ရဲစခန်းမှု(ပ)၇၅/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ (ကြေးမုံ)

စက်ရုံလုပ်သားချင်းရန်ဖြစ်၊ တုတ်ဖြင့်ရိုက်၍ သေဆုံး

ရန်ကုန် မေ ၁

ဧပြီ ၁၅ ရက် ည ၈ နာရီခွဲခန့်တွင် လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်းရှိ လမင်းသောက်ရေသန့်စက်ရုံဝင်းအတွင်း၌ စက်ရုံလုပ်သားချင်းဆဲဆိုရာမှ စကားများပြီး သစ်သားတုတ်ဖြင့်ရိုက်၍ သေဆုံးသွားသော လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုနေ့ညက စက်ရုံဝင်းအတွင်း၌ ယာဉ်မောင်း မြင့်ဦး(၅၀)နှစ်အား လုပ်သားဝေမျိုး(၂၇)နှစ်က ၎င်းကို ဆဲဆိုသည်ဟုဆိုကာ အရှည်တစ်ပေခွဲခန့် လုံးပတ်နှစ်လက်မခွဲခန့်ရှိ သစ်သားတုတ်ဖြင့်ရိုက်ရာ နဖူးပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိပြီး ယင်းနေရာ၌ပင် လဲကျသေဆုံးသွားသည်။

မြင့်ဦး၏အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ပြီး ဝေမျိုးအပေါ် အရေးယူပေးရန် ဒုရဲအုပ်ကျော်လွင်ဦးက တိုင်ကြား၍ လှိုင်မြို့နယ်ရဲစခန်းက (ပ)၁၆၈/၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအား အထူးအစီအစဉ်ဖြင့် ကုသပေးမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဆေးရုံ Heart Center တွင် နှလုံးသွေးကြောကျဉ်းရောဂါ ဝေဒနာရှင်များအား စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးက မေ ၅ ရက်မှ စတင်၍ လာရောက်ကုသပေးမည်ဖြစ်ရာ နှလုံးဝေဒနာရှင်များ ပြည်ပသို့သွားရောက်ကုသရန်မလိုဘဲ မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ကုသပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ပန်းလှိုင်ဆေးရုံ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၄၃၂၃၊ ၆၈၄၃၂၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝပိုမိုကောင်းမွန်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ အနာဂတ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

"အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနတစ်ခုတည်ထောင်ရန်" အဆိုပြုချက်ကို အပြည့်အဝထောက်ခံ HIV၊ AIDS ဆိုင်ရာ အာဆီယံကြေညာစာတမ်း (၁၀)နှစ်ပြည့်အခမ်းအနားကျင်းပရန်အဆိုကို မြန်မာနိုင်ငံက ကြိုဆို

နေပြည်တော် မေ ၁

ပဥ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီအစည်းအဝေးကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်တည်မြဲရေး (ရာသီဥတုပြောင်းလဲမှု၊ နယ်စပ်ဖြတ်ကျော်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်မြို့များ)၊ ပညာရေးဖွံ့ဖြိုးမှုနှင့် ပညာရေးဆိုင်ရာ ဦးစားပေးမှုနှင့် ခေတ်မီတိုးတက်ရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် ကူးစက်ရောဂါများကာကွယ်တားဆီးကုသရေး၊ မသန်စွမ်းသူများလူ့အဖွဲ့အစည်းတွင် ပါဝင်မှုကို အားပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရာတွင် အထောက်အကူဖြစ်စေမည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ မျှဝေရေးဆိုင်ရာ အာဆီယံကြေညာချက် ထုတ်ပြန်နိုင်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးဆိုင်ရာ တရားမျှတမှုရရှိရေးနှင့် လူမှုအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အာဆီယံသွင်ပြင်လက္ခဏာများ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းပါးစေရေးတို့အတွက် မိမိနိုင်ငံအတွင်း အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်အာဆီယံနိုင်ငံများ၏ အမျိုးသားအဆင့်စီမံချက်များနှင့် သဟဇာတဖြစ်စွာ ဆက်စပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပဥ္စမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရာသီဥတုအခြေအနေ နှင့် မိုးလေဝသသတင်း များကို စာမျက်နှာ(၁၁) တွင် ဖတ်ရှုနိုင်ပါသည်။